ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့ (12-12-2013) (၇၆၉၂)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## မုန်တိုင်းငယ် မြန်မာနိုင်ငံသို့ ရွေ့လျားမည့်အခြေအနေမရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မဒီ" (Madi) သည် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○**

# အရှေ့တောင်အာရှနိုင်ငံများ၏ အားကစားနှင့် ဂုဏ်သိက္ခာထုတ်ဖော်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံက သုံးကြိမ်မြောက်ကျင်းပခွင့်ရရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းတွင် ယနေ့ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပခဲ့သည်။

ဤအရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အရှေ့တောင်အာရှနိုင်ငံများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှုကို အခြားနိုင်ငံများက သိရှိစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

**ဖော်ထုတ်ပြသ**

တစ်နည်းဆိုရလျှင် အရှေ့တောင်အာရှနိုင်ငံများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒကို ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ အားကစားပြိုင်ပွဲများ ဖြစ်သည်နှင့်အညီ အရှေ့တောင်အာရှနိုင်ငံများ၏ အားကစားစိတ်ဓာတ်၊ အားကစားအရည်အသွေးနှင့် ဂုဏ်သိက္ခာများကို ဖော်ထုတ်ပြသသည့်ပွဲလည်း ဖြစ်သည်။

**(၄၄)နှစ်ကြာ**

ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်(၁၄)ခုဖြင့်ပြုလုပ်ခဲ့ပြီး ၎င်းအစီအစဉ်များ မတိုင်မီ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။ ရှေးဦးစွာ အစီအစဉ်တင်ဆက်သူမောင်မယ်တို့က လွန်ခဲ့သော (၄၄)နှစ်ကြာကာလဖြစ်သည့် ၁၉၆၉ ခုနှစ်တွင် မြန်မာနိုင်ငံက

**ကျောဖုံးသို့ ☆**



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

**ကြေးမုံ စာတည်းရှုထောင့် — ၁၂-၁၂-၂၀၁၃၊ ကြာသပတေးနေ့**

# မြန်မာ့အောင်ပွဲခြိမ့်ခြိမ့်သဲ

မြန်မာနိုင်ငံ၌ ၄၄ နှစ်ကြာမှ တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကြီးကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကြီးကို ဒီဇင်ဘာလ ၁၁ ရက်နေ့မှ စတင်ပြုလုပ်ခြင်းဖြစ်သော်လည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအချို့ကို ဒီဇင်ဘာလ ၄ ရက်နေ့မှစတင်၍ သတ်မှတ်နေရာအသီးသီးတွင် အားကစားပွဲနည်းအလိုက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ယနေ့ဆိုလျှင် ပြိုင်ပွဲအချို့ပြီးစီးခဲ့ပြီး ပြိုင်ပွဲများစွာမှာ ကျင်းပနေဆဲဖြစ်သလို ပွဲစဉ်အသစ်များလည်း ဆက်လက်ကျင်းပကြမည်ဖြစ်သည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ မြန်မာနိုင်ငံအပေါ် စိတ်ကောင်းစေတနာကောင်းထားကာ ထောက်ခံအားပေးခဲ့ခြင်းကြောင့် အားကစားပွဲတော်ကြီးကို ခမ်းခမ်းနားနားအောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် နှစ်ပေါင်းကြာမြင့်စွာကင်းကွာနေပြီးမှ အောင်အောင်မြင်မြင်ကျင်းပနိုင်ခြင်းမှာ အဘက်ဘက်က ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုများကြောင့်ဖြစ်သလို မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲကြီးကို အကောင်းဆုံးကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်မှုကြောင့်လည်းဖြစ်သည်။

ပြိုင်ပွဲဝင်အားကစားသမားများ၊ ဧည့်သည်တော်များနှင့် ပရိသတ်များအားလုံးအတွက် အတွေ့အကြုံအရ အခက်အခဲအနည်းငယ်ရှိနိုင်သော်လည်း အဆင်ပြေချောမွေ့မှုအများဆုံးရရှိအောင် ဆောင်ရွက်ပေးနိုင်သည်မှာ ပါဝင်ဆောင်ရွက်ကြသူများနှင့် တက်ရောက်လာကြသူများ၏ အသိတရားရှိရှိနှင့် ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ခဲ့သောကြောင့်ဖြစ်သည်။

နိုင်ငံအလိုက် ပြိုင်ပွဲဝင်အားကစားသမားများမှာ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့အရည်အချင်းများကို အစွမ်းကုန် ရေကုန်ရေခန်း ထုတ်ဖော်ပြသခဲ့ကြပြီး လာရောက်ကြည့်ရှုကြသော ပရိသတ်များကလည်း စည်းကမ်းတကျ အားတက်သရော အားပေးခဲ့ကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ဆီးဂိမ်းပွဲတော်ကြီးများကို ယခုနှစ်ပြီးလျှင် ၂၀၁၅ခုနှစ်တွင် စင်ကာပူ၊ ၂၀၁၇ ခုနှစ်တွင် မလေးရှား၊ ၂၀၁၉ ခုနှစ်တွင် ဘရူနိုင်း၊ ၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်၊ ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ဆက်လက်ကျင်းပရန် သတ်မှတ်ထားပြီးဖြစ်ရာ မြန်မာအားကစားသမားများအနေဖြင့် ယခုကျင်းပနေသော ပြိုင်ပွဲကြီးမှရရှိလာသော အတွေ့အကြုံနှင့် နမူနာများကို ရယူပြီး အားကစားလောကမြင့်မားတိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဖွင့်ပွဲနေ့အထိ ကျင်းပပြီးစီးခဲ့သော ပြိုင်ပွဲများတွင် မြန်မာနိုင်ငံက နိုင်ငံအလိုက်အဆင့်တွင် ထိပ်ဆုံးမှ ဦးဆောင်နေပြီး အချို့ပြိုင်ပွဲများတွင် အားတက်ဖွယ်ဖြစ်ကာ အချို့ပြိုင်ပွဲတို့တွင် အားနည်းခဲ့သော်လည်း အတွေ့အကြုံရယူမှုနှင့် ကြိုးစားအားထုတ်မှု မြင့်မားသည်ကိုတွေ့ရပါသည်။

မြန်မာတို့၏ အဓိကမျှော်လင့်ချက်မှာ ပြေးခုန်ပစ်နှင့် ဘောလုံးပြိုင်ပွဲများဖြစ်ပြီး အဆိုပါပြိုင်ပွဲများတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရခဲ့မည်ဆိုလျှင် မြန်မာ့အားကစား ထိပ်တန်းမှ ဆက်လက်ရပ်တည်နိုင်ပြီး အိမ်ရှင်နိုင်ငံ၏ဂုဏ်မြင့်မားထည်ဝါစေမည်ဖြစ်ရာ အစွမ်းကုန်ယှဉ်ပြိုင်ကြလိမ့်မည်ဟု ပြည်သူများက မျှော်လင့်ထားကြပါသည်။

ယခုကျင်းပနေသည့် ဆီးဂိမ်းပြိုင်ပွဲကြီးသည် သမိုင်းမှတ်တိုင်ကောင်းတစ်ခုကျန်ရစ်မည့် ပြိုင်ပွဲကြီး ဖြစ်ပါသည်။ ယခုကဲ့သို့အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ညီညီညွတ်ညွတ်ဆောင်ရွက်နိုင်ခြင်းများကြောင့် ဖြစ်ပြီး အကျိုးရလဒ်အားဖြင့် ဒေသတွင်းနိုင်ငံများနှင့် ကောင်းမွန်သောဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ထို့အပြင် အနာဂတ်လူငယ်များအတွက် ကောင်းမွန်သော အနာဂတ်ကို ပုံဖော်ဖန်တီးပေးနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။



# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့ စစ်ကိုင်းမြို့ရှိဘုရားများအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ မန္တလေးမြို့၌ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်နှင့် ဇနီး မစ္စစ် ကေအိုဆိုင်ကျိုင်း ဆိုင်ညဆွန်တို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားသို့**(ဝဲပုံ)**ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လာအိုနိုင်ငံသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ကောင်းမှုတော်ဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ စစ်ကိုင်းမြို့ ရထောင်ရပ်ကွက်ရှိ မြန်မာလက်မှုအနုပညာ အရောင်းပြခန်းသို့ ရောက်ရှိပြီး "ထွန်းထွန်း"ငွေထည်လုပ်ငန်း၏ ငွေထည် အသုံးအဆောင်နှင့် ငွေထည်အမှတ်တရပစ္စည်းများ ထုတ်လုပ်ပြသထားမှုများနှင့် စစ်ကိုင်းမြို့ကျောက်စိမ်းလုပ်ငန်းရှင်များအသင်း၏ တန်ဖိုးမြင့်ကျောက်စိမ်း အသုံးအဆောင်ပစ္စည်းများနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများ ထုတ်လုပ်ပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လာအိုနိုင်ငံသမ္မတနှင့်အဖွဲ့သည် မန္တလေးမြို့မှ မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။

**(သတင်းစဉ်)**



## ရွှေဈေး၊ ဝက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၃၀၀၀ - ၆၆၄၀၀၀ | |
| မန္တလေး ရွှေဈေး | ၆၆၂၈၀၀ - ၆၆၃၈၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၅၁. ၇ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၆. ၄၈ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၇၅ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၀. ၆၁၁ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၆. ၅၄ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၀၈၅ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၅၄. ၄၂ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၄၂၆ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၇. ၈၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် မဒမ်လျိုယန်တုန်နှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



**တက်ရောက်**

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာဖေသက်ခင်၊ ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ နမူနာကောင်းတစ်ခုဖြစ်မှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၃၇/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်**
**(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)**
**ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီအား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ် (၃၂၇)၊ ဒူကထောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ** အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာ အပ်ပါသည်။

**ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၆၈)ဖြစ်ပါသည်။

**အမိန့်အရ**

**(မြင့်နိုင်)**
**အဖွဲ့ဝင်**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များဆက်လက်ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်း(၈)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိပြီး ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပသည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃)၏ ဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းခြောက်ခုကို အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ ထုတ်ပေးခဲ့သည်။

ယခုထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးလိုက်သည့်အဖွဲ့အစည်းများမှာ INGO အဖွဲ့အစည်း ခြောက်ဖွဲ့၊ NGO အဖွဲ့အစည်း ၁၉ ဖွဲ့၊ သမဝါယမအဖွဲ့အစည်း ၇၅ ဖွဲ့၊ ပြည်ပကုမ္ပဏီလီမိတက် အဖွဲ့အစည်း ငါးဖွဲ့၊ ပြည်တွင်းကုမ္ပဏီလီမိတက် အဖွဲ့အစည်း ၈၄ ဖွဲ့ စုစုပေါင်း အဖွဲ့အစည်း ၁၈၉ ဖွဲ့ဖြစ်သည်။ လိုင်စင်လျှောက်ထားဆဲ အဖွဲ့အစည်းများကိုလည်း စိစစ်ပြီး လိုင်စင်အမြန်ထုတ်ပေးရန် ဆောင်ရွက်လျက်ရှိသည်။

အသေးစားငွေရေးကြေးရေး လုပ်ငန်းဆောင်ရွက်လိုသော အဖွဲ့အစည်းများအား အသေးစားငွေရေးကြေးရေး လုပ်ငန်းလိုင်စင် လျှောက်ထားပါက လွယ်ကူလျင်မြန်စွာရရှိရေးအတွက် သက်ဆိုင်ရာကော်မတီများက အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့အစည်းများသည် သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီများနှင့် လည်းကောင်း၊ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးလုပ်ငန်းနှင့် လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သန်း ၆၀ သောပြည်သူများကောင်းကျိုးအတွက် စည်းလုံးညီညွတ်စွာကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

**ဒီဇင်ဘာ ၁၁ ရက် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၉ ရက်)တွင် ကျင်းပသည့် ၁၃၀၀ ပြည့်ရေနံမြေအရေးတော်ပုံ စိန်ရတုအခမ်းအနားသို့ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က သဝဏ်လွှာပေးပို့ခဲ့သည်။**

**အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ယနေ့ အခါသမယဟာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲမှာ တစ်မျိုးသားလုံးရဲ့ စည်းလုံးညီညွတ်မှုကိုနိုးထစေခဲ့သော ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကြီးဖြစ်ပေါ်ခဲ့တဲ့ စိန်ရတုအခမ်းအနားနေ့ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၇၅ နှစ်က ဒီအချိန်မှာနယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားရေးစိတ်ဓာတ်တွေဟာ ဖိနှိပ်မှုတွေကြားက ရဲဝံ့စွာ တွန်းလှန်ပေါ်ထွန်းလာခဲ့ပါတယ်။ ယခုလို ၇၅ နှစ်မြောက်သမိုင်းဝင်စိန်ရတုအခမ်းအနားမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ မော်ကွန်းတင်ရစ်ခဲ့တဲ့ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံဟာ ကိုလိုနီနယ်ချဲ့တွေရဲ့ဖိနှိပ်မှုအောက်ကနေ မိုင်ပေါင်း ၄၀၀ ခရီးရှည်ချီတက်ပြီး ရုန်းထပေါက်ကွဲခဲ့ကြတဲ့ အလုပ်သမားထုနှင့်အတူ တောင်သူလယ်သမားတွေ၊ ကျောင်းသားတွေ၊ ရဟန်းရှင်လူပြည်သူတွေ တစုတစည်းတည်းလက်တွဲတိုက်ပွဲဝင်ခဲ့ကြတဲ့ သမိုင်းမှတ်တမ်းလည်းဖြစ်ပါတယ်။ မြန်မာတစ်မျိုးသားလုံးအတွက် နယ်ချဲ့လက်အောက်ကျွန်သပေါက်ဘဝမှ ရုန်းထွက်လွတ်မြောက်ပြီး လွတ်လပ်ရေးအိပ်မက်ကို စတင်မြင်မက်လာနိုင်အောင် ကန့်လန့်ကာဖွင့်ခဲ့တဲ့ လူထုလှုပ်ရှားမှုအရေးတော်ပုံကြီးပဲဖြစ်ပါတယ်။

ဒီ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံက အစပြုလို့ အခြေတည်ခဲ့တဲ့ တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုနဲ့ ထက်သန်ပြင်းပြတဲ့ အမျိုးသားရေးစိတ်ဓာတ်ကြောင့်ပဲ ခက်ခဲကြမ်းတမ်းတဲ့ကာလတွေကိုကျော်ဖြတ်ပြီး လွတ်လပ်ရေးရရှိခဲ့ပါတယ်။ သို့သော်လည်း ရပြီးဖြစ်တဲ့အမျိုးသားစည်းလုံးညီညွတ်ရေးကို လွတ်လပ်ရေးရရှိခဲ့ပြီးတဲ့နောက်မှာ ကြာရှည်စွာဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိတာကြောင့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးပါတီများနဲ့ အကွဲအပြဲများကို တွေ့ကြုံခဲ့ရပြီး ယနေ့အချိန်အထိ တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုရအောင် ကြိုးစားတည်ဆောက်ရလျက်ရှိပါတယ်။ လွတ်လပ်ရေးမရမီကာလမှာ လွတ်လပ်ရေးအတွက် သွေးစည်းညီညွတ်ခဲ့ကြပေမယ့်လည်း လွတ်လပ်ရေးရပြီးတဲ့နောက်မှာ ဝါးအစည်းပြေသလိုဖြစ်ခဲ့ရတဲ့ အမျိုးသားညီညွတ်ရေးလျော့ရဲမှုကြောင့် နိုင်ငံရေးကိုအခြေခံတဲ့ပဋိပက္ခတွေဟာ သံသရာလည်နေခဲ့တာကိုလည်း တွေ့ကြုံခဲ့ကြရပါတယ်။

ဒီကနေ့ ဒီအချိန်မှာတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးရရှိနိုင်မယ့် မျှော်လင့်ချက်ရောင်ခြည်ကို မြင်တွေ့နေရပြီ ဖြစ်ပါတယ်။ အမျိုးသားညီညွတ်ရေး ပြိုကွဲခဲ့ရခြင်းအကျိုးဆက်ကြောင့် မြန်မာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာမှာ အိမ်နီးချင်းနိုင်ငံတွေထက် နောက်ကျကျန်ခဲ့ပါတယ်။ အကွဲအပြဲဇာတ်လမ်းများ၊ အချင်းချင်းတိုက်ခိုက်မှုများကြောင့် ခေတ်နောက်ကျကျန်ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့မှာဆိုရင် မတူကွဲပြားမှုတွေကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မယ့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို စတင်ဖော်ဆောင်နေကြပြီ ဖြစ်ပါတယ်။

ဒီမိုကရေစီခေတ်သစ်ကို တစ်ကျော့ပြန် ပြန်လည်ထူထောင်နေတဲ့ ဒီကနေ့နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များမှာ အားလုံးပါဝင်ခွင့်ရရှိရေးဟာ အထူးပဲအရေးကြီးပါတယ်။ လူများစုရဲ့သဘောဆန္ဒကို လိုက်နာရမှာဖြစ်သလို လူနည်းစုရဲ့ သဘောဆန္ဒကိုလည်း အလေးထားရမှာဖြစ်တဲ့ ဒီမိုကရေစီသဘောတရားနဲ့အညီ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားညီညွတ်ရေးကို ပွင့်လင်းစွာဖြင့် လက်တွေ့ဖော်ဆောင်နေပြီဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ အလုပ်သမားနဲ့ လယ်သမားတို့ရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေ တိုးတက်မြင့်မားလာအောင်လည်း အခြေခံဥပဒေနဲ့အညီ ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ အသွင်ကူးပြောင်းစ ဒီမိုကရေစီလမ်းခရီးမှာ နိုင်ငံတော်ဖွံ့ဖြိုးရေးကို ယှဉ်တွဲဖော်ဆောင်နိုင်ဖို့အတွက် အစိုးရနဲ့အတူ အချုပ်အခြာအာဏာရဲ့ မဏ္ဍိုင်ကြီးများ၊ စတုတ္ထမဏ္ဍိုင် မီဒီယာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားလုံးတို့က ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ ခေတ်အဆက်ဆက်မှာ စည်းရုံးမှုတွေပျက်ပြီး မညီမညွတ်ဖြစ်ခဲ့တဲ့သမိုင်းကို ယနေ့အခါမှာ ပြည်ဖုံးကားချနိုင်ဖို့ အရေးကြီးပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးပေးနိုင်ဖို့ ဒီကနေ့ အားလုံးမှာ တာဝန်ရှိပါတယ်။ တူညီသောရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံနဲ့ပြည်သူတို့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အတ္တဗဟိုပြုဆောင်ရွက်မှုဘောင်ထဲက ရဲရဲကြီးလမ်းခွဲထွက်နိုင်ဖို့ အရေးကြီးပါတယ်။

ဒီလိုသာ အမျိုးသားညီညွတ်ရေးကို တည်ဆောက်နိုင်မယ်ဆိုရင် သာယာဝပြောတဲ့ ခေတ်တစ်ခေတ်ကို တည်ဆောက်နိုင်မှာ အသေအချာပဲဖြစ်ပါတယ်။ ဒါကြောင့် သမိုင်းဝင် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကြောင့် နိုးထခဲ့တဲ့ အမျိုးသားရေးစိတ်ဓာတ်တွေကို ပြန်လည်အသက်သွင်းပြီး သန်း ၆၀ သောပြည်သူများကောင်းကျိုးအတွက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ အလေးထားတိုက်တွန်းလိုက်ရပါတယ်။ ။

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# နှစ်နိုင်ငံလူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်အဖွဲ့တို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံကြသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ ဦးသူရိန်ဇော်၊ ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအတွေ့အကြုံများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံ လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ယနေ့နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ House of Regional Representatives, Members of the Committee for International Relation H.E. Poppy Susanti Dharsono ဦးဆောင်သောအဖွဲ့နှင့် အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr.Hagay Moshe Behar တို့သည် အမျိုးသားလွှတ်တော် ကော်မတီဆောင်၌ သီးခြားစီလာရောက်တွေ့ဆုံသည်။

အင်ဒိုနီးရှားနိုင်ငံ House of Regional Representative, Members of the Committee for International Relation H.E .Poppy Susanti Dharsono နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

ဆက်လက်၍ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Hagay Moshe Behar နှင့်တွေ့ဆုံစဉ် မြန်မာ- အစ္စရေးသံတမန်ရေးရာနှင့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ပဲခူး ဒီဇင်ဘာ ၁၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သောအဖွဲ့အစည်း (International Tropical Timber Organization- ITTO)တို့ ပူးပေါင်းပြီး စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု မူဘောင်အတွင်းမှ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (REDD+)ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး စီမံကိန်းကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါစီမံကိန်း၏ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (REDD+)ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (ITTO)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ Asia Air Survey Co.,Ltd.Wildlife Conservation Society (WCS) စသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူပညာရှင်များ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်မည်ဖြစ်သည်။ REDD+ ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး နည်းပညာစာတမ်း ၁၂ စောင်ဖတ်ကြားမည်ဖြစ်သည်။ ယနေ့အချိန်တွင် သစ်တောကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၄၈ နိုင်ငံက UNDP၊ FAO နှင့် UNEP တို့မှ ကျွမ်းကျင်သူပညာရှင်များဖြင့် ဖွဲ့စည်းထားသော UN-REDD အစီအစဉ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် UN-REDD အစီအစဉ်နှင့် စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး REDD+ လမ်းပြမြေပုံကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ရေးဆွဲနိုင်ခဲ့သည်။ ယခုအခါ အဆိုပါ REDD+ လမ်းပြမြေပုံအား အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မြို့ပြလူမှုအဖွဲ့အစည်းများ၊ ဒေသခံကျေးလက်ပြည်သူများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၁**

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စာကြည့်တိုက်အတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် Wathan Education Center မှ စာအုပ်မျိုးစုံ လှူဒါန်းပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ**(ယာပုံ)** စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။



အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ အင်္ဂလိပ်၊ မြန်မာစာအုပ်မျိုးစုံ ၂၀၀ နှင့် Wathan Education Center မှ အင်္ဂလိပ်၊ မြန်မာစာအုပ်မျိုးစုံ ၈၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး မုံရွာမြို့နယ် အဓိပတိ စာပေတိုက်မှလည်း စာအုပ်မျိုးစုံလှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) သုံးထပ်ပင်မဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိရာ ရှင်းလင်းဆောင်၌ MKT ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာက တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံ၏ ဖောင်ဒေးရှင်းပိုင်း တစ်ဆက်တစ်စပ်တည်းပြီးစီးရေးကို အဓိကဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ ရေပေးဝေမှုစနစ်တွင် ပိုက်လိုင်းများအား Master Plan အတိုင်း အနာဂတ်အဆောက်အအုံများနှင့် လွတ်ကင်းအောင် သတိပြုသွယ်တန်းရန်လိုကြောင်း၊ ဆားဗစ်ကန်များကိုလည်း ပင်မအဆောက်အအုံ တည်ဆောက်ပုံနှင့် လိုက်လျောညီထွေဖြစ်စေရေး တည်ဆောက်သွားရန်လိုကြောင်း၊ စစ်ကိုင်းမြို့မှာ မြေငလျင်ကြော တည်ရှိနေရာ ဒေသဖြစ်၍ အဆောက်အအုံတွင်သုံးမည့် သံချောင်းလုံး၊ ဘိလပ်မြေ၊ အုတ်ကအစ အရည်အသွေးမီပစ္စည်းများ သုံးရန်လိုကြောင်း၊ စစ်ဆေးကြပ်မတ်ရေးအဖွဲ့များက စစ်ဆေးကြပ်မတ်သွားရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**



# အကျဉ်းထောင်အသီးသီးမှ ၄၁ ဦးလွှတ်ပေး၊ အင်းစိန်ထောင်မှ ၁၁ ဦး ပါဝင်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်သမ္မတရုံး၏အမိန့်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းထောင်အသီးသီးတို့တွင် ပြစ်ဒဏ်ကျခံနေရသူ အကျဉ်းသားအကျဉ်းသူ ၄၁ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် အင်းစိန်အကျဉ်းထောင်မှ ၁၁ ဦး ပါဝင်ကြောင်း သိရသည်။

ယင်းတို့အနက်မှ အင်းစိန် ဖော့ကန်ရပ်ကွက်မှ ဒီငြိမ်းလင်း၊ ကြည့်မြင်တိုင်မြို့နယ်မှ ကိုအောင်မျိုးဦးနှင့် ဗဟန်းမြို့နယ်မှ စိုးမိုးထွန်း(ခ) သူကြီးကို တွေ့ဆုံမေးမြန်းရာတွင် ၎င်းတို့သည်လက်ပံတောင်းတောင်ကြေးနီ စီမံကိန်း စီတန်းလှည့်လည် ဆန္ဒပြရာတွင် ပုဒ်မ(၁၈)ဖြင့် ထောင်ဒဏ်တစ်လ ကျခံနေရသူများဖြစ်ကြောင်း သိရသည်။

**(မြင့်)**

# လူဦးရေနှင့်အိမ်အကြောင်းအရာ ရှင်းလင်းဟောပြော

**လားရှိုး ဒီဇင်ဘာ ၁၁**

လားရှိုးမြို့နယ် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး မြို့နယ်ဦးစီးအရာရှိ ဦးလေးမောင်က ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ကြိုတင်ဆောင်ရွက်ထားရှိနိုင်ရေး ဆိုင်ရာများ ရှင်းလင်းဟောပြောသည်။

အခမ်းအနားသို့ ရပ်ကွက်(၁) အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ နယ်မြေမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဟိုတယ်လုပ်ငန်းရှင်များ၊ ရပ်ကွက်အထောက်အကူပြု အဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်သန်းခေါင်စာရင်းကောက်ယူရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

နိုင်ငံတကာသတင်း

# အိုဘားမားနှင့် ကက်စထရို လက်ဆွဲနှုတ်ဆက်ခြင်းမှာ ကြိုတင်စီစဉ်ထားခြင်းမဟုတ်ဟုဆို

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

တောင်အာဖရိကနိုင်ငံ သမ္မတဟောင်းနဲလ်ဆင်မင်ဒဲလား၏ဈာပနအခမ်းအနားတွင် အင်္ဂါနေ့၌ အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ကျူးဘား သမ္မတ ရောလ်ကက်စထရိုတို့၏ လက်ဆွဲနှုတ်ဆက်ခြင်းသည် ကြိုတင် စီစဉ်ထားခြင်းမဟုတ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

နှုတ်ဆက်ခြင်းထက်ပို၍ ၎င်းတို့နှစ်ဦးအကြား မည်သည့် ဖလှယ်ခြင်းမျှ မရှိခဲ့ကြောင်း အိမ်ဖြူတော်အရာရှိ ဘင်ဂိုဒီး(စ်)က သတင်းထောက်များကို ပြောကြားခဲ့သည်။

ဤကဲ့သို့သော အပြုအမူသည် အမေရိကန်၏ ကျူးကျော်ရန်စမှု အဆုံးသတ်ခြင်း၏နိဒါန်းအစကို ထုတ်ဖော်ပြသခြင်းဖြစ်ကြောင်း ကျူးဘားအစိုးရက ပြောကြားသည်။

စစ်အေးခေတ်၌ ဖီဒယ်ကက်စထရိုသည် ဆိုဗီယက်ပြည်ထောင်စုနှင့် မဟာမိတ်ဖွဲ့ခဲ့သည့်အတွက် ၁၉၆၁ခုနှစ်တွင် အမေရိကန်အစိုးရက ကျူးဘားနှင့်သံတမန်ဆက်သွယ်မှု ဖြတ်တောက်ခဲ့သည်။

ခေါင်းဆောင်နှစ်ဦး လက်ဆွဲနှုတ်ဆက်ပြီးနောက် အင်္ဂါနေ့တွင် အိမ်ဖြူတော်မှ တာဝန်ရှိသူတစ်ဦးက ကျူးဘားနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်လျက်ရှိခြင်းကို အိုဘားမားအစိုးရက လွန်စွာမှစိုးရိမ်လျက်ရှိပါကြောင်း ပြောကြားသည်။

ကျူးဘား ခေါင်းဆောင်တစ်ဦးကို လက်ဆွဲနှုတ်ဆက်ခဲ့သော နောက်ဆုံးအမေရိကန်သမ္မတမှာ ဘီကလင်တန်ဖြစ်သည်။ ၂၀၀၀ပြည့်နှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီး၌ ၎င်းက ရောလ်၏အစ်ကိုဖြစ်သူ ဖီဒယ်လ်ကက်စထရိုကို လက်ဆွဲနှုတ်ဆက်ခဲ့သည်။ **ဘီဘီစီ။**



**အမေရိကန်သမ္မတ ဘာရက်အိုဘားမား(ဝဲ)နှင့် ကျူးဘားသမ္မတရောလ်ကက်စထရိုတို့ လက်ဆွဲနှုတ်ဆက်နေကြစဉ်။**

## မာလီတွင် အစ္စလာမ္မစ်နှင့် ပြင်သစ်တပ်ဖွဲ့ တိုက်ပွဲဖြစ် ၁၉ဦးသေဆုံး

**နိုင်ဂျာ ဒီဇင်ဘာ ၁၁**

မာလီနိုင်ငံတွင် အစ္စလာမ္မစ်များဟု ယူဆရသော လက်နက်ကိုင်သူပုန်များနှင့် တိုက်ပွဲဖြစ်ပွားရာ သူပုန်၁၉ဦး သေဆုံးကြောင်း ပြင်သစ်စစ်ဘက်က အတည်ပြုသည်ဟု ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ စစ်ဆင်ရေး၏ ပြောရေးဆိုခွင့်ရှိသူက တင်ဘတ်ကူ၏မြောက်ဘက်၌တိုက်ခိုက်ကြပြီးနောက် သေဆုံးသူများကို သဲကန္တာရအတွင်းမှာပင် မြှုပ်နှံခဲ့ကြောင်းပြောကြားသည်။ ပြင်သစ်တပ်ဖွဲ့တွင် သေဆုံးသူမရှိဟုဆိုသည်။ နိုင်ငံမြောက်ပိုင်းကိုသိမ်းထားသည့် အစ္စလာမ္မစ်သူပုန်များကို မောင်းထုတ်ရန်အတွက် ဇန်နဝါရီလ၌ ပြင်သစ်က စစ်ရေးအရ ဝင်ရောက်ခဲ့ပြီးနောက် မာလီတွင် တပ်ဖွဲ့ဝင် ၃၀၀၀ အထိ တပ်စွဲထားသည်။ **ဘီဘီစီ။**

## အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် ကားနှစ်စီးတိုက်မိ ဘုရားဖူးခရီးသည် ၁၁ဦးသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၁၁**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျက်သန်ပြည်နယ်၊ ဂျိုပါးခရိုင်တွင် ဘုရားဖူးခရီးသည်များ စီးနင်းလိုက်ပါလာသောကားနှင့် ကုန်တင်ကားတစ်စီး ခေါင်းချင်းဆိုင်တိုက်မိကြရာ ဘုရားဖူးခရီးသည် ၁၁ ဦးသေဆုံးသွားကြောင်း ဒီဇင်ဘာ ၁၁ ရက်သတင်းတွင် ဖော်ပြသည်။

ဂူဂျရတ်ပြည်နယ် ပန့်ချ်မဲလ်ခရိုင်မှ ထွက်ခွာလာသော ဘုရားဖူးခရီးသည် ၂၀ စီးနင်းလိုက်ပါလာသော ကားတစ်စီးသည် ရာဂျက်စသန်ပြည်နယ် ဂျိုင်ဆောလ်မာခရိုင်ရှိ ရန်ဒီဗရာသို့ ဒီဇင်ဘာ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၁နာရီတွင် ထွက်ခွာလာခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ က ပြောကြားသည် **ဆင်ဟွာ။**



## တရုတ်နိုင်ငံရှိ သစ်သီးဈေး၌ မီးလောင် ၁၆ဦးထက်မနည်းသေဆုံး၊ ငါးဦးဒဏ်ရာရ

**ပေကျင်း ဒီဇင်ဘာ ၁၁**

တရုတ်နိုင်ငံတောင်ပိုင်း ရှင်ကျန်း မြို့ရှိ စိုက်ပျိုးမွေးမြူရေးသမားများ၏ သစ်သီးဈေးတွင် မီးလောင်မှုဖြစ်ပွားရာ လူ ၁၆ ဦးထက်မနည်း သေဆုံး၍ ငါးဦးဒဏ်ရာရရှိကြောင်း ဒေသခံမီးသတ်ဌာနက ပြောကြားသည်။

**ပျံ့နှံ့**

ဒီဇင်ဘာ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၁နာရီခွဲခန့်က လက်ကားဈေးကို မီးစတင်လောင်ကြောင်း၊ မီးလောင်ကျွမ်းမှုသည် စတုရန်းမီတာ ၁၀၀၀ ခန့် အကျယ်အဝန်းသို့ ပျံ့နှံ့သွားကြောင်း၊ မီးသတ်သမား ၁၄၅ဦးက ရှစ်နာရီခန့်ကြာအောင် ငြိမ်းသတ်လိုက်ရကြောင်း ဒေသခံ မီးသတ်ဌာနက ပြောကြားသည်။

**စုံစမ်းစစ်ဆေး**

မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့် အကြောင်းအရင်းကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဈေးအတွင်း သန့်ရှင်းရေးကို ဆောင်ရွက်လျက်ရှိ ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားသတင်းဌာန စီစီတီဗွီမှ ထုတ်လွှင့်ပြောကြားသည်။

**ဆင်ဟွာ။**

# မင်ဒဲလား၏ရုပ်ကလာပ်ကို ယူနီယံ၌ သုံးရက်ထားမည်

**ပရီတိုးရီးယား ဒီဇင်ဘာ ၁၁**

လွန်ခဲ့သည့် ကြာသပတေးနေ့တွင် ကွယ်လွန်ခဲ့သည့် တောင်အာဖရိက သမ္မတဟောင်း နဲလ်ဆင်မင်ဒဲလား၏ ရုပ်ကလာပ်ကို မြို့တော်ပရီတိုးရီးယားရှိ အစိုးရအဖွဲ့ရုံးစိုက်ရာ အဆောက်အအုံသို့ ယနေ့ရောက်ရှိလာခဲ့ပြီး သုံးရက်တိုင်တိုင် ခမ်းနားထည်ဝါစွာ ထားရှိမည်ဖြစ်သည်။

၎င်းရုပ်ကလာပ်ကို ဆေးရုံတစ်ရုံမှ ယူနီယံအဆောက်အအုံသို့ မော်တော်ယာဉ်တန်းဖြင့် သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

ပရီတိုးရီးယား အမှတ်(၁)စစ်ဆေးရုံမှ ဗုဒ္ဓဟူးနေ့ နံနက် ၇နာရီတွင် ထွက်ခွာလာခဲ့ပြီး အနက်ရောင်အသုဘကားပေါ်တွင် ရုပ်ကလာပ်ထည့်ထားသော ခေါင်းကို တွေ့မြင်ရသည်။ တောင်အာဖရိကနိုင်ငံတော်အလံကို အပေါ်မှ လွှမ်းခြုံထားသည်။ လမ်းဘေးဝဲ-ယာမှ ပြည်သူများက အရိုအသေပြုကြသည်။

ဖိတ်ကြားထားသော နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံတကာဧည့်သည်တော်များနှင့် ပြည်သူများသည် မင်ဒဲလားကို နောက်ဆုံးအနေဖြင့် ဂါရဝပြုကြမည်ဖြစ်သည်။

တနင်္ဂနွေနေ့တွင် အရှေ့ပိုင်း ကိတ်ပြည်နယ်၊ ကျူနူးကျေးရွာရှိ ၎င်း၏နေအိမ်တွင် ရုပ်ကလာပ်ကို မြှုပ်နှံသင်္ဂြိုဟ်မည်ဖြစ်သည်။ **ဘီဘီစီ။**



**နဲလ်ဆင်မင်ဒဲလား၏ ရုပ်ကလာပ်ကို သယ်ဆောင်လာစဉ်။**









# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ စဉ်းစားစရာအချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ မဏ္ဍိုင်(Pillar of the State)ဟု ခေါ်ဆိုနိုင်ပါသည်။ ထို့ပြင် ဥပဒေများ၏ ဦးသျှောင်ဥပဒေလည်း ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေသော ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိကြပါသည်။

မြန်မာနိုင်ငံတွင် ယနေ့အာဏာတည်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နေ့ချင်းညချင်း ပေါ်ပေါက်လာသော ဥပဒေမဟုတ်ဘဲ မြန်မာနိုင်ငံ၏ သမိုင်းရေးအခြေအနေကို အကြောင်းပြု၍ အချိန်ယူရေးဆွဲပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပါသည်။ အမျိုးသားညီလာခံကျင်းပ၍ လူထုလူတန်းစားအလွှာအသီးသီးမှ အစုအဖွဲ့ ရှစ်ဖွဲ့၏ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်း၍ ရေးဆွဲခဲ့သော ဥပဒေဖြစ်သဖြင့် လေးနက်၍ တန်ဖိုးထားထိုက်သော သမိုင်းကြောင်းရှိပါသည်။ အမျိုးသားညီလာခံတွင် ဆွေးနွေးညှိနှိုင်း၍ ချမှတ်ခဲ့သောမူများကို အခြေခံပြီး အဖွဲ့ဝင် ၅၄ ဦးပါဝင်သော အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲ၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သော ဥပဒေတစ်ရပ်ဖြစ်ပါသည်။ ယင်းသို့ သမိုင်းအစဉ်အလာကြီးမားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပြင်ဆင်ရန် စဉ်းစားသည့်အခါ မိမိတစ်ဦးတည်း၏ အမြင်၊ မိမိ၏ လိုလားချက်ကို ဦးစားမပေးဘဲ နက်နက်နဲနဲ စဉ်းစားလေ့လာပြီးမှ ပြင်ဆင်သင့်ပါသည်။ ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသည့် ပြဿနာတစ်ရပ်ကို ဖြေရှင်းရာတွင် ယင်းပြဿနာကို ကွက်၍ကျဉ်းမြောင်းစွာမကြည့်ဘဲ ယင်းပြဿနာပေါက်ပွားလာရာ အရင်းအမြစ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင့်ပါသည်။ ယင်းသို့ ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်းသည်သာ အခက်အခဲကို ကျော်လွှားနိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စတင်ခဲ့သော ဇာစ်မြစ်သည် လေးနက်စွာ ဖွဲ့တည်ခဲ့ပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရေးအတွက် လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော ညီလာခံတစ်ရပ်ကို ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြပါသည်။ ယင်းဆွေးနွေးပွဲတွင် လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ဤအဆင့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သန္ဓေတည်ရာဇာစ်မြစ်ဖြစ်သည်ဟု ခေါ်ဆိုနိုင်ပါသည်။

ယင်းသို့ဖြစ်တည်ခဲ့သည့် သန္ဓေမျိုးစေ့အရ လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားညီလာခံကြီးတစ်ရပ်ကို ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဆက်လက်ကျင်းပနိုင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုသည် တိုင်းပြည်၏ အနာဂတ်အတွက် အလွန်အရေးကြီးသည့်အလျောက် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတွင် လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များကို အစုအဖွဲ့ (၈)ဖွဲ့ ဖွဲ့စည်းပြီး တစ်ဖွဲ့စီက အခြေခံဥပဒေတွင် ပါဝင်ရမည့် ပါဝင်သင့်သည့်အချက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။ ယင်းအစုအဖွဲ့ (၈) ဖွဲ့မှာ

- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊
- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၊
- တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊

**အမျိုးသားညီလာခံ တက်ရောက်ခဲ့သူတစ်ဦး**

- အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၊
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့ဖြစ်ကြပါသည်။

ယင်းအစုအဖွဲ့အသီးသီး၏ ဆွေးနွေးချက်ရလဒ်များကို တင်သွင်းပြီး ညီလာခံကြီးသို့ အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ရန် တင်သွင်းခဲ့ကြပါသည်။ အစုအဖွဲ့များအနေဖြင့် စည်းစနစ်ရှိရှိ ဆွေးနွေးဆောင်ရွက်ပြီး ထွက်ပေါ်လာသည့် ရလဒ်များကို အစုအဖွဲ့ကိုယ်စားလှယ်များက အမျိုးသားညီလာခံ (စုံညီညီလာခံ)ကြီးတွင် စာတမ်းဖတ်ကြားတင်သွင်းခဲ့ကြပါသည်။ အစုအဖွဲ့ (၈) ဖွဲ့က တင်ပြချက်များကို ခေါင်းစဉ်အလိုက် ဆွေးနွေး သုံးသပ်ညှိနှိုင်းပြီး အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကြီးက သဘောတူချမှတ်ခဲ့ကြပါသည်။ အမျိုးသားညီလာခံ(စုံညီညီလာခံ)က ချမှတ်ခဲ့သည့်အတိုင်း ဆုံးဖြတ်ချက်များသည် အများဆန္ဒ (Consensus) ဖြစ်သဖြင့် လူထုလူတန်းစား အလွှာအသီးသီးမှ ပေါက်ပွားလာသော ဆန္ဒများဖြစ်သဖြင့် နိုင်ငံရေးသိပ္ပံပညာ (Political Science) နယ်ပယ်အရဆိုလျှင် ပြည်သူတို့၏ နိုင်ငံရေးဆန္ဒ (Political Will) ဟုခေါ်ဆိုလျှင်လည်း မှားမည်မဟုတ်ပါ။ ထိုနိုင်ငံရေးဆန္ဒများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ထိုစဉ်က ချမှတ်ခဲ့သည့် အသေးစိတ်အခြေခံရမည့် အချက်များဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူထုလူတန်းစားအလွှာအသီးသီးက နိုင်ငံရေးဆန္ဒများအနေဖြင့် ပြသခဲ့သော အများဆန္ဒ (Consensus) ကို အခြေခံရေးဆွဲထားသော အခြေခံဥပဒေတစ်ရပ်ဖြစ်ပါသည်။ ထိုသို့ အခြေခံမူများ ချမှတ်ရာတွင် ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်များသည် လူထုလူတန်းစားအလွှာအသီးသီးမှ အတွေ့အကြုံကြွယ်ဝသော ပုဂ္ဂိုလ်များ ဖြစ်သဖြင့် နိုင်ငံ၏လိုအပ်လျက်ရှိသော အခြေအနေများကို စဉ်းစားချင့်ချိန်၍ မိမိနိုင်ငံနှင့် ဆီလျော်ကိုက်ညီသောမူများကို ချမှတ်နိုင်ခဲ့ပါသည်။

နိုင်ငံတစ်နိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုသက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဖြတ်သန်းခဲ့သော သမိုင်းကြောင်းကိုအခြေခံ၍ ရေးဆွဲပြဋ္ဌာန်းရသည်ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြားတစ်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထပ်တူမဖြစ်နိုင်သည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြားနိုင်ငံတစ်နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဥသုံပုံတူကူးယူရေးဆွဲထားခြင်းမဟုတ်ဘဲ မိမိနိုင်ငံ၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ဖြတ်သန်းခဲ့သော သမိုင်းကြောင်းကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် နိုင်ငံတကာမှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံ၏လိုအပ်နေသော အခြေအနေနှင့်ကိုက်ညီစေရန် အသေးစိတ် အခြေခံမူများ ချမှတ်ရေးဆွဲခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။

အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် ဆွေးနွေးခဲ့ကြသော ကိုယ်စားလှယ်တော်ကြီးများမှာ ယနေ့အချိန်ထိ သက်ရှိထင်ရှားရှိနေကြပါသေးသည်။ ထိုသို့သော ပုဂ္ဂိုလ်များမှာ လွှတ်တော်အဆင့်ဆင့်၌ပင် ရှိနေကြပါသေးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် စဉ်းစားရာတွင် ထိုကိုယ်စားလှယ်တော်ကြီးများ ချမှတ်ခဲ့သောအများဆန္ဒကို အလေးအနက်ထောက်ထားသင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ပြည်သူ့ဆန္ဒခံယူနိုင်ရန် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့ တွင် မြို့နယ်ပေါင်း ၂၇၈ မြို့နယ်၌လည်းကောင်း၊ ၂၀၀၈ ခုနှစ် မေလ ၂၄ ရက်နေ့တွင် မြို့နယ်ပေါင်း ၄၇ မြို့နယ်၌လည်းကောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ပြည်သူအများစု၏ထောက်ခံမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် လူထုလူ တန်းစားအလွှာအသီးသီးက ချမှတ်ခဲ့သော အများဆန္ဒမျှသာမဟုတ်ဘဲ မြန်မာပြည်သူတစ်ရပ်လုံးက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင်ထောက်ခံခဲ့သော ပြဋ္ဌာန်းချက်များဖြစ်ပါသည်။ ဤရလဒ်များကိုကြည့်လျှင် အများဆန္ဒအရ ချမှတ်ရေးသားခဲ့သော အခြေခံမူများကို မဲပေးခွင့်ရှိသူ ပြည်သူလူထု ၉၂ ရာခိုင်နှုန်းကျော်က ထောက်ခံခဲ့ကြသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ပေါ့ပေါ့ဆဆ စဉ်းစား၍ ရမည်မဟုတ်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံသည့်မဲရလဒ်များသည် ပြည်သူတစ်ရပ်လုံး၏ နိုင်ငံရေးဆန္ဒ (political will)ပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် အမျိုးသားညီလာခံက အများဆန္ဒဖြင့်ချမှတ်သည့် နိုင်ငံရေးဆန္ဒများဖြစ်သည့်အပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြည်သူ ၉၂ ရာခိုင်နှုန်းကျော်က ထောက်ခံထားကြသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်သူတို့၏နိုင်ငံရေးဆန္ဒများလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နှစ်ထပ်ကွမ်း နိုင်ငံရေးဆန္ဒ (double political will)ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို စဉ်းစားရာတွင် ယင်းဥပဒေပေါ်ပေါက်လာရာ သမိုင်းကြောင်းကို လေ့လာသုံးသပ်ပြီးမှ စဉ်းစားဆောင်ရွက်သင့်ပါသည်။ အမျိုးသားညီလာခံတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ၏ နိုင်ငံရေးဆန္ဒနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ခဲနက်ထောက်ခံမဲပေးခဲ့ကြသည့် ပြည်သူများ၏ ဆန္ဒကိုလည်း ထောက်ရှုကြရမည်ဖြစ်ပါသည်။ ဤသို့ အရေးကြီးသော နိုင်ငံရေးဆန္ဒနှစ်ခုနှင့် သန္ဓေတည်ရာအရင်းအမြစ်ကို သေချာစွာ နားလည်အောင် လေ့လာပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို စဉ်းစဉ်းစားစား ဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဖိုးတန်နက်နဲသော နိုင်ငံရေး အနှစ်သာရများနှင့် ပြည်သူများ၏ နိုင်ငံရေးဆန္ဒများ ပါဝင်လျက်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရင်းအမြစ်ဖြစ်သော ပင်ရင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်သင့်မည်မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နောက်ဆက်တွဲ ဇယားများပါ ဥပဒေပြုခွင့်များကိုသာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ အကြား အတိုးအလျှော့ပြု ပြင်ဆင်ခြင်းသာ ဆောင်ရွက်သင့်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လေးနက်သောသမိုင်းကြောင်းနှင့် ပြည်သူတို့၏ နိုင်ငံရေးဆန္ဒများကို အလေးအနက်ထားရမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အခြားနိုင်ငံတစ်နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ပုံတူကူးယူမွေးစားရန် သင့်မည်မဟုတ်ပါ။ မိမိနိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေသော ပြဋ္ဌာန်းချက်များကိုသာ မိမိနိုင်ငံ၏ အခြေခံဥပဒေတွင် ပြဋ္ဌာန်းကျင့်သုံးရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မီတာ ၅၀ ဝမ်းလျားမှောက် အမျိုးသား ရိုင်ဖယ်သေနတ်ပစ်ပြိုင်ပွဲ(အဖွဲ့လိုက်)တွင် မြန်မာ ကြေးတံဆိပ်ဆုရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၁

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ သေနတ်ပစ်ပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အပြည်ပြည်ဆိုင်ရာသေနတ်ပစ်ကွင်း၌ကျင်းပရာ ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသား မီတာ ၅၀ ဝမ်းလျားမှောက် ရိုင်ဖယ်သေနတ်ပစ်(အဖွဲ့လိုက်)ပြိုင်ပွဲတွင် ထိုင်းအသင်းက ပထမ၊ ဗီယက်နမ်အသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယရရှိခဲ့သည်။**



အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းမှ လင်းအောင်၊ အောင်သူရနှင့် ဝေယံမင်းသူတို့အပါအဝင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်နိုင်ငံတို့မှ အားကစားသမားများ စုစုပေါင်း ၂၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုင်းအသင်းက ရမှတ် ၁၈၄၁ မှတ်ဖြင့် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ဗီယက်နမ်အသင်းက ရမှတ် ၁၈၃၇ ဒသမ ၆ ဖြင့် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ အိမ်ရှင်မြန်မာအသင်းက ရမှတ် ၁၈၃၅ ဒသမ ၁ ဖြင့် ကြေးတံဆိပ်ဆုကိုလည်းကောင်း ရရှိခဲ့သည်။

ထိုပြိုင်ပွဲရမှတ် အနည်းအများအလိုက် ထိုင်း၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ နှစ်ဦးစီနှင့် အင်ဒိုနီးရှားနှင့် စင်ကာပူတို့မှ တစ်ဦးစီ စုစုပေါင်း သေနတ်ပစ်အားကစားသမား ရှစ်ဦး ရွေးချယ်ကာ မီတာ ၅၀ ဝမ်းလျားမှောက်ရိုင်ဖယ်သေနတ်ပစ်(တစ်ဦးချင်း) နောက်ဆုံးအဆင့်ပြိုင်ပွဲကို နံနက် ၁၁ နာရီခွဲတွင် ဆက်လက်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံမှ NGUYEN THANH DAT က ရမှတ် ၂၀၁ ဒသမ ၃ ဖြင့် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ TORTUNGPANICH NAPIS က ရမှတ် ၂၀၀ ဖြင့် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ စင်ကာပူနိုင်ငံမှ LIM WEN YI ABEL က ရမှတ် ၁၈၀ ဒသမ ၃ ဖြင့် ကြေးတံဆိပ်ဆုကိုလည်းကောင်း ရရှိခဲ့သည်။

ပြိုင်ပွဲ၌ အိမ်ရှင်မြန်မာမှ အားကစားသမား ၁၆ ဦး အပါအဝင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်တို့မှ အားကစားသမားပေါင်း ၉၀ ကျော်တို့က ၂၅ မီတာအားကစား ပစ္စတို၊ ၁၀ မီတာလေပစ္စတို၊ မီတာ ၅၀ စိတ်ကြိုက်ပစ္စတို၊ မီတာ ၅၀ ဝမ်းလျားမှောက်ရိုင်ဖယ်သေနတ်ပစ်ပြိုင်ပွဲတို့ကို ပါဝင်ယှဉ်ပြိုင်သွားမည်ဟု သိရသည်။ **(သတင်းစဉ်)**

## လျှပ်စစ်အန္တရာယ်ကင်းရေး ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဒေါပုံမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကြောင့် ဓာတ်လိုက်မှု၊ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီက အလက(၃) ဒေါပုံ၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်စိုးဦးက ရှင်းလင်းဟောပြောကြောင်း သိရသည်။

**အေးသန်း(ဒေါပုံ)**

❖ **ကျောဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ဘရူနိုင်းနိုင်ငံ အိမ်ရှေ့မင်းသား၊ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အာရှအိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့်ဖိတ်ကြားထားသူများ၊ ဧည့်ပရိသတ်များ၊ အားကစားသမားများ စုစုပေါင်း ၃၀၀၀၀ ခန့်တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ ရောက်ရှိပြီး ဧည့်ခန်းမ၌နိုင်ငံတော်သမ္မတက လာအိုနိုင်ငံသမ္မတ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ဘရူနိုင်းနိုင်ငံ အိမ်ရှေ့မင်းသား၊ အခမ်းအနားသို့ တက်ရောက်လာသော အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့ဝန်ကြီးများ၊ အာရှအိုလံပစ်ကော်မတီဥက္ကဋ္ဌတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ရာတွင် ကွင်းအတွင်း စင်မြင့်ထက်မှ LED Board ၌ အမှတ်စဉ်ရေတွက်စတင်ပြီး အမှတ်စဉ်သုညအရောက်တွင် မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်ကြသည်။

အမှတ်စဉ်ရေတွက်မှုမပြုမီ အနက်ရောင်ဝတ်စုံပြည့်ဝတ်ဆင်ထားသော ကျောင်းသား ၁၄၉၉ ဦးတို့က ဓာတ်မီးများအသုံးပြု၍ ကွင်းအတွင်းပြေးဝင်ကာ အဝိုင်း ၂၇ ဝိုင်း ပုံဖော်ခြင်း၊ ရေပွက်ပုံမီးကစားခြင်း၊ LED Board ၌ တစ်ဆယ်မှ တစ်အထိ ဂဏန်းရေတွက်မှုအတိုင်း မီးအဖွင့်အပိတ်ဖြင့် ပုံစံပြောင်းခြင်းတို့ကို သရုပ်ပြကာ ကွင်းအပြင်မှ မီးရှူးမီးပန်းပစ်လွှတ်သည်နှင့် တစ်ချိန်တည်းတွင် မီးရှူးမီးပန်း ၂၉၉၈ ခုကိုပစ်ဖောက်ပြီးနောက် ကြယ်ပုံစံနှင့် MYANMAR စာတန်းပုံစံကို ပုံဖော်ပြသသည်။

အလားတူ မြန်မာတို့၏ ထီးသုံးနန်းသုံး တော်ဝင်တူရိယာများဖြစ်ကြသည့် စောင်း၊ ဆိုင်း၊ ပတ္တလားတို့၏ သာယာနာပျော်ဖွယ်တီးခတ်မှု၊ မြန်မာသံစဉ် တေးသွားအလှတို့ဖြင့် စောင်းတော် သိဂ်ီဆိုင်းမင်္ဂလာအစီအစဉ်ကို ဆိုင်းဝိုင်းငါးဝိုင်း၊ ပတ္တလားခုနစ်လက်နှင့် စောင်း ၄၆ လက်တို့ဖြင့် ရေခင်းသံ၊မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း၊ အာရှ-မြန်မာအားကစားသီချင်းများကို တူရိယာအမျိုးအစားအလိုက် တစ်လှည့်စီတီးခတ်ကြပြီး အောင်ပါစေတေးသွားကို စုပေါင်းလက်စွမ်းပြတီးခတ်ထင်ဟပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်ဘင်ခရာတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ SEA Games ဖက်ဒရေးရှင်းအလံနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအလံများနှင့်အတူ အလံကိုင်တပ်ဖွဲ့၊ ဘင်ခရာအဖွဲ့များဦးဆောင်၍ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမောလက်စ်တေ၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ အားကစားသမားများက အစဉ်လိုက်ချီတက်ကာ ကွင်းအတွင်း နေရာယူကြသည်။

ယခုအားကစားပြိုင်ပွဲသို့ ဘရူနိုင်းနိုင်ငံက အားကစားသမား ၁၀၁ ဦး၊ ကမ္ဘောဒီးယားနိုင်ငံက ၂၄၀ ၊ အင်ဒိုနီးရှားနိုင်ငံက ၈၄၀၊ လာအိုနိုင်ငံက ၂၀၀ ၊ မလေးရှားနိုင်ငံက ၇၉၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံက ၃၂၅ ဦး၊ စင်ကာပူနိုင်ငံက ၄၇၆ ဦး၊ ထိုင်းနိုင်ငံက ၁၀၂၉ ဦး၊ တီမောလက်စ်တေနိုင်ငံက ၆၂ ဦး၊ ဗီယက်နမ်နိုင်ငံက ၇၄၄ ဦး၊ မြန်မာနိုင်ငံက ၁၂၄၈ ဦး ပါဝင်ကြသည်။

အားကစားသမားများ ကွင်းအတွင်းနေရာယူအပြီးတွင် ကွင်းအတွင်းရှိ အလံတိုင်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဦးစွာလွှင့်တင်ပြီးနောက် SEA Games ဖက်ဒရေးရှင်းအလံနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအလံတို့ကို တစ်ပြိုင်နက်တည်း လွှင့်တင်လိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထိုသို့ရှင်းလင်းပြောကြားရာတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၅၉ ခုနှစ်က စတင်ကျင်းပခဲ့ပြီး အားကစားပြိုင်ပွဲကျင်းပခြင်းသက်သက်မဟုတ်ဘဲ ဒေသတွင်းနိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာစေရန် ကျင်းပခဲ့ခြင်းဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲကျင်းပခွင့်ရရှိရေးအတွက် ယုံကြည်ထောက်ခံအားပေးခဲ့ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "Green, Clean & Friendship" ဆောင်ပုဒ်ချမှတ်ပြီး ဤပြိုင်ပွဲကြီးကို လက်ခံကျင်းပမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲတွင် အားကစားနည်း ၃၃ နည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်ဆုပေါင်း ၄၆၀ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် နေရာဖြန့်ခွဲကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဆီးဂိမ်းစည်းမျဉ်းနှင့်အညီ တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ထားပါကြောင်း၊ အားကစားသမားများအနေဖြင့်လည်း အားကစားစိတ်ဓာတ်အပြည့်ဖြင့် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ကစားကြရန် လိုအပ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲ လက်ခံကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအနေဖြင့် လိုအပ်သည့်အားကစားကွင်း၊ အားကစားရုံများကို



**ကွင်းအတွင်းရှိ အလံတိုင်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဦးစွာလွှင့်တင်ပြီးနောက် SEA Games ဖက်ဒရေးရှင်းအလံနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအလံတို့ကို တစ်ပြိုင်နက်တည်း လွှင့်တင်ထားစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)**

တည်ဆောက်မွမ်းမံခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု အားကစားပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊ အားကစားသမားများ စိတ်ချမ်းမြေ့စွာ တည်းခိုစားသောက်နိုင်ရေးနှင့်သက်သောင့်သက်သာဖြင့် ပြိုင်ပွဲသို့အချိန်မီရောက်ရှိအောင် ပို့ဆောင်နိုင်ရေး၊ ပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ လုံခြုံရေး/ဆက်သွယ်ရေးဆိုင်ရာနှင့် အခြားပြင်ဆင်မှုလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ထားကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတကိုယ်စား (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး နောက်ပိုင်း ယခု (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို (၄၄)နှစ်အကြာတွင် တတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံး၏ ကိုယ်စားပြောကြားလိုပါကြောင်း။

ယနေ့ကမ္ဘာတွင် အားကစားသည် ထိရောက်ကောင်းမွန်သော သံတမန်လမ်းကြောင်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ပီပြင်စွာ ဖော်ထုတ်ပြသနိုင်သည့် နည်းလမ်းကောင်းတစ်ရပ်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ်အနေဖြင့် **"ဒေသတွင်း ချစ်ကြည်ရင်းနှီးမှု၊ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ အားကစားကို ချစ်မြတ်နိုးမှု၊ အားကစားစိတ်ဓာတ်ရှိမှု"**တို့ကို ဒေသတွင်း နိုင်ငံများကြားမှာ အစဉ်အမြဲ ကိန်းအောင်းနေစေရန် ရည်ရွယ်ပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများအကြား အားကစားဖြင့် ချစ်ကြည်ရေးကို တိုးမြှင့်ခိုင်မာစေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် စိမ်းလန်းသန့်ရှင်းချစ်ကြည်ခြင်း "Green, Clean & Friendship"ဟူသည့် ဆောင်ပုဒ်ကို ချမှတ်ပြီး ပြိုင်ပွဲကြီးကို လက်ခံကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

ပြိုင်ပွဲကြီးကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ကျင်းပရေးကော်မတီများ၊ တာဝန်ရှိသူများက အတတ်နိုင်ဆုံး ပြည့်စုံအောင် ကြိုးပမ်းပြင်ဆင်ထားကြသကဲ့သို့ ဆက်ဆံရေးလုပ်အားပေး လူငယ်များကလည်း ကြွရောက်လာကြသော ဧည့်သည်တော်များ၊ အားကစားသမားများကို မြန်မာတို့၏ ယဉ်ကျေးပျူငှာမှု၊ ရင်းနှီးဖော်ရွေမှုများကို ပြသပြီး လိုအပ်သည်များ အနီးကပ်ကူညီပေးသွားကြမည်ဖြစ်ပါကြောင်း။

ပြိုင်ပွဲကို လာရောက်ကြသည့် ဧည့်သည်တော်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများအပြင် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရရှိကြမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးကြသည့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များ၊ ပြိုင်ပွဲကို တရားမျှတစွာ ကျင်းပပေးကြမည့် Technical Director များနှင့် ဒိုင်/ဂျူရီများ၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေကြသော တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ပြိုင်ပွဲသတင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်လွှင့်ပေးကြမည့် မီဒီယာများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း **"(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ယခုအချိန်မှစ၍ ဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်"** ဟူ၍ ကြေညာရာ မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ဂုဏ်ပြုဆောင်ရွက်သည်။

အားကစားအဓိဋ္ဌာန်ပြုရာတွင် ဝူရှူးအားကစားသမား မစန္ဒီဦးက အားကစားသမားများ ကိုယ်စားနှင့် ဒိုင်လူကြီး ဦးပြည်စိုးမိုးက ဒိုင်လူကြီးများနှင့် ပြိုင်ပွဲကြီးကြပ်သူများကိုယ်စား အာဆီယံ နိုင်ငံအလံများခြံရံလျက် သတ်မှတ်စင်မြင့်၌ အားကစားသစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတကာ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် (၆)ခု ရရှိခဲ့သည့် ဦးသန့်ဇင်က မီးထွန်းညှိတိုင်ကို ကွင်းအတွင်း သယ်ဆောင်လာပြီး နိုင်ငံတကာ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု(၁၅)ခုရရှိခဲ့သည့် ဒေါ်ဂျနီဖာတင်လေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု(၁၇) ခုရရှိခဲ့သည့် ဦးတင်အောင်(ဂိုး)၊ နိုင်ငံတကာ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု (၁၉)ခုရရှိခဲ့သည့် ဒေါ်သန်းသန်း၊ နိုင်ငံတကာ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု(၂၈)ခုရရှိခဲ့သည့် ဒေါ်ခင်ခင်ထွေး၊ နိုင်ငံတကာ ကျွမ်းဘားအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု(၆)ခုရရှိခဲ့သည့် ဦးမြင့်အောင်၊ နိုင်ငံတကာ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု(၃)ခုရရှိခဲ့သည့် ဦးစောဆာလောလနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူတို့က လက်ဆင့်ကမ်းသယ်ဆောင်ကြသည်။

ထို့နောက် ရထားပျံပေါ်မှ မြားပစ်အားကစားသမား မောင်ဝေလင်းထွန်းက ပင်မမီးရှူးတိုင်ကို မြားဖြင့်ပစ်၍ မီးထွန်းညှိရာ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ဂုဏ်ပြုသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မီးရှူးတိုင်၏ အလင်းရောင်သည် မည်သည့်အခါမျှ မှေးမှိန်သွားမည်မဟုတ်သကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးပေါင်းစည်းမှုသည်လည်း ထာဝရ တည်ရှိနေမည်သာဖြစ်သည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့်တင်ဆက်ရာ အမျိုးသားအမွေအနှစ် မဟာပုဂံ၊ ပွဲဦးအလင်္ကာ၊ ရွှေနိုင်ငံကကြိုနေမယ်၊ အနာဂတ်ကမ္ဘာမြေ၊ မျိုးဆက်သစ်တို့အားမာန်၊ သွေးချင်းတို့ဌာနေမြန်မာပြည် အစီအစဉ်များကို တေးသရုပ်ဖော် ကကွက်လှုပ်ရှားမှုများဖြင့် ပုံဖော်တင်ဆက်သည်။

အမျိုးသားအမွေအနှစ် မဟာပုဂံအစီအစဉ်တွင် ကပြဖျော်ဖြေသူ ၄၀၀ ကျော်ပါဝင်ပြီး အရုဏ်ဦးကလတက်သံ၊ လင်းကြက်တွန်သံ၊ ဗဟိုရ်စည်တီးသံ၊ ဆည်းလည်းသံ၊ ခေါင်းလောင်းသံ၊ ပုဂံတီးလုံးညှင်းသွဲ့သွဲ့၊ လေတိုက်သံ စသည့် နောက်ခံအသံများနှင့်ပေါင်းစပ်၍ LED Board တွင် ပုဂံဒေသ၏ အလှတရားများကို ပြသသည်။

ပွဲဦးအလင်္ကာအစီအစဉ်တွင် ကပြဖျော်ဖြေသူ ၂၀၀ ကျော်ပါဝင်ပြီး မြေဝိုင်းနှစ်ပါးသွားအဆိုတီးလုံး၊ ပွဲဦးအလင်္ကာတီးလုံးအသံတို့နှင့်ပေါင်းစပ်၍ LED Board တွင် တောတန်းရှုခင်းများ၊ နန်းဆောင်ပုံ၊ ပုပ္ပားတောင်၊ နှင်းဆီ၊ နေကြာ၊ ဒေလီယာပန်း စသည်တို့ကို ပြသသည်။

ရွှေနိုင်ငံက ကြိုနေမယ်အစီအစဉ်မှာ တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံက အာဆီယံနိုင်ငံများအား ပူးပေါင်းပါဝင်ရန် လက်ကမ်းကြိုဆိုသည့် အဓိပ္ပာယ်ဖြင့် ကပြဖျော်ဖြေခြင်းဖြစ်သည်။ ထိုအစီအစဉ်တွင် ကပြဖျော်ဖြေသူ ၁၉၀၀ ပါဝင်ပြီး အာဆီယံနိုင်ငံများအလိုက် ကကွက်များကို သရုပ်ဖော် ကပြဖျော်ဖြေသည်။ ထိုအချိန်တွင် LED Board တွင် နိုင်ငံအလိုက် အလံနှင့်မြေပုံ၊ Landmark များကို ပြသသည်။

အနာဂတ်ကမ္ဘာမြေ အစီအစဉ်တွင် သရုပ်ဖော်တင်ဆက်သူ ၄၀၀ ကျော်ပါဝင်ပြီး ကမ္ဘာမြေကြီးစိမ်းလန်းစိုပြည်သာယာနေပုံ၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးရပုံ၊ တည်ဆောက်ရေးလုပ်ငန်းများဖော်ဆောင်ပုံနှင့် ကမ္ဘာမြေကြီး ပြန်လည်စိမ်းလန်းစိုပြည်သာယာလာပုံတို့ကို LED Board နှင့် Sound Effect များအသုံးပြုကာ ပုံဖော်တင်ဆက်သည်။

မျိုးဆက်သစ်တို့ အားမာန်အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၄၅၀ ပါဝင်ပြီး အေရိုးဗစ်ဝတ်စုံရောင်စုံဖြင့် မြူးကြွသည့် တေးဂီတနောက်ခံပေါင်းစပ်ကာ စည်းချက်ညီ လှုပ်ရှားကပြကြသည်။

သွေးချင်းတို့ဌာနေ မြန်မာပြည်အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၂၀၀၀ ကျော်ပါဝင်ပြီး တိုင်းရင်းသားဝတ်စုံများဖြင့် စည်းချက်နှင့်အညီ လှုပ်ရှားပြသကြသည်။ LED Board တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်မြေပုံများ၊ ရှုခင်းများကို ဟန်ချက်ညီတင်ဆက်ပြီး ထူးခြားမှုအဖြစ် ပြည်ထောင်စုပြတင်းပေါက် (၈)ပေါက်ကို ကောင်းကင်ကြိုးဖြင့် နည်းပညာပေါင်းစပ်ပြသသည်ကို တွေ့ရသည်။ ထို့ပြင် မြန်မာပြည်မြေပုံနှင့် Green, Clean & Friendship စာတန်းပုံတို့ကို မမောစတမ်း ပုံဖော်ပြသခဲ့သည်။

ထို့အတူ တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်နှင့် သီရိဆွေတို့က"Goal"၊ တေးသံရှင် ဇော်ပိုင်နှင့် ရေဗက္ကာဝင်းတို့က"ရွှေရောင်လက်ခုပ်သံ"၊ တေးသံရှင် မေခလာ၊ စစ်သွေး၊ မင်းယံနှင့် ရှိုင်းဝေလျံ တို့က "မိုးယံထက်က မြန်မာပြည်သား"နှင့် တေးသံရှင် နီနီခင်ဇော်က "Win the Day"တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာဖြင့် ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများအား တွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများအား အားပေးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)



# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပ





တေးသံရှင် နေနေ၏ "ပြည်ထောင်စုကြီး တို့ရဲ့မြန်မာ" သီချင်းဖြင့် ဖျော်ဖြေမှုပြကွက်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)



တေးသံရှင် မေခလာ၏ "ဂိုးသွင်းကောင်းတဲ့ ကိုကို" သီချင်းဖြင့် ဖျော်ဖြေမှုပြကွက်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ALEZ)

### ◯ မုန်တိုင်းမှ

ချင်းနိုင်မြို့၏ အရှေ့-အရှေ့မြောက်ဘက် မိုင် ၁၇၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၂၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏အနောက်-အနောက်တောင်ဘက် မိုင် ၆၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များ**မှာ ကသာမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ သီပေါမြို့၊ ဟားခါးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မဒီ"(Madi) သည် အိန္ဒိယနိုင်ငံ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ၁၉၅ မိုင်ခန့်၊ ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက်မိုင် ၂၀၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၆၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအား မေတ္တာရပ်ခံပန်ကြားချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ကျင်းပမည်ဖြစ်ပါသည်။

၂။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ပွင့်လင်းတိုးတက်လာသည့် နိုင်ငံတော်သစ်၏ ပုံရိပ်ကို နိုင်ငံတကာအလယ်တွင် ဝင့်ကြွားထည်ဝါစွာ ထင်ဟပ်စေမည့်အပြင် နိုင်ငံ့ဂုဏ်၊ နိုင်ငံ့သိက္ခာကိုပါ တိုးတက်မြင့်မားစေမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပသည့်ကာလအတွင်း အောက်ပါအချက်များအား ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

- (က) မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူငှာနွေးထွေးစွာ ကြိုဆိုဆက်ဆံတတ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံကို မြင်သာအောင် ပြသပေးကြပါရန်။
- (ခ) ဧည့်သည်တော်နိုင်ငံနှင့် လူမျိုးတို့၏ ဘာသာနှင့်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကိုလည်း လေးစားလိုက်နာကြပါရန်။
- (ဂ) အားကစားပွဲများ ကြည့်ရှုအားပေးရာတွင် အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံကြီးသားပီသစွာ မျှတစွာကြည့်ရှုအားပေးကြပါရန်။
- (ဃ) မူးယစ်စေတတ်သောဆေးဝါး၊ အရက်သေစာသောက်စား၍ လာရောက်ကြည့်ရှုအားပေးမှု၊ ဆဲဆိုအော်ဟစ်မှုပြုသူများအား ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန်နှင့် တာဝန်ရှိသူများထံ အကြောင်းကြားပေးပါရန်။
- (င) အများပြည်သူ၏ လုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များ၊ တာဝန်ရှိသူများ၏ သတ်မှတ်စည်းမျဉ်းများအတိုင်း စစ်ဆေးရှာဖွေမှုများတွင် လိုက်နာ၍ စိတ်ရှည်ကြည်ဖြူစွာ ခံယူလျက် ဝိုင်းဝန်းကူညီကြပါရန်။
- (စ) အားကစားကွင်း၊ အားကစားရုံများသို့ ဝင်/ထွက်သည့်အခါ စည်းကမ်းတကျတန်းစီပြီး သတ်မှတ်လမ်းကြောင်းနေရာ အသီးသီးမှသာ ဝင်/ထွက်၍ သတ်မှတ်ထိုင်ခုံနေရာများမှသာ အားပေးကြပါရန်။
- (ဆ) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များညွှန်ပြသည့် လမ်းကြောင်းအတိုင်း ဝင်ရောက်၍ သတ်မှတ်ယာဉ်ရပ်နား နေရာများတွင်သာ ယာဉ်ရပ်နားကြပါရန်။
- (ဇ) နိုင်ငံခြားသားဧည့်သည်တော်၊ အားကစားသမားများက တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အကူအညီတောင်းခံလာပါက တတ်နိုင်သမျှ ကူညီပေးပါရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်ကူညီဆောင်ရွက်ပေးပါရန်။
- (ဈ) မိမိပတ်ဝန်းကျင်တွင် မသင်္ကာဖွယ် လူ၊ ပစ္စည်းနှင့် အကြောင်းခြင်းရာ တွေ့ရှိပါက လုံခြုံရေး၊ တာဝန်ရှိသူများထံ ချက်ချင်း (ချက်ချင်း) အသိပေးကူညီကြပါရန်။

၄။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနား၊ အားကစားကွင်းများနှင့် အားကစားရုံများသို့ လာရောက်ကြည့်ရှု အားပေးကြမည့် ပြည်သူလူထုအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်လာခြင်းမပြု (မပြု)ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

- (က) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်နှင့် ခဲယမ်းအမျိုးမျိုး။
- (ခ) ပြည်သူများကို အနှောင့်အယှက်ဖြစ်စေပြီး ဘေးအန္တရာယ် ဖြစ်စေနိုင်သော ပစ္စည်းအမျိုးမျိုး။
- (ဂ) လမ်းလျှောက်စကားပြောစက်များ၊ ကြားဖြတ်အသံလိုင်း ဖမ်းယူစက်၊ တယ်လီဖုန်းလိုင်းအား အနှောင့်အယှက်ပေးနိုင်သော ရေဒီယိုလှိုင်း ထုတ်နိုင်သည့် ကိရိယာများ။
- (ဃ) ခရာ၊ စပီကာကဲ့သို့ အသံဆူညံစွာဖြစ်စေသည့် ကိရိယာများ။
- (င) Spray ဘူးများ၊ အရက်ပြန်ပုလင်းများကဲ့သို့ မီးလောင်လွယ်သော ပစ္စည်းများ။
- (စ) လေဆာညွှန်တံများနှင့် အမြင်အာရုံကို ထိခိုက်စေမည့် မီးအလင်းရောင်ထွက်သည့် ပစ္စည်းများ။
- (ဆ) အနံ့အသက်ဆိုးရွားသောပစ္စည်းများ။
- (ဇ) ဗရုတ်ကောင်းရည်၊ မျက်ရည်ယိုဆေးရည်ကဲ့သို့သော တစ်ကိုယ်ရေကာကွယ်ရေး ဖျန်းဆေးများ။
- (ဈ) အိမ်မွေးတိရစ္ဆာန်နှင့်အခြားတိရစ္ဆာန်များ။
- (ည) အရွယ်အစားကြီးမားသည့် ဆိုင်းဘုတ်၊ ဦးထုပ်၊ ထီးများနှင့် အသုံးအဆောင်ပစ္စည်းကိရိယာများ။
- (ဋ) အရေအတွက် ထုထည်ကြီးမားသော အစားအသောက်များ။
- (ဌ) ပြိုင်ပွဲဝင်နိုင်ငံများမှအပ အခြားနိုင်ငံများ၏ အလံများ၊ အားကစားပွဲနှင့် သက်ဆိုင်ခြင်းမရှိသော ဆိုင်းဘုတ်၊ ပိုစတာ၊ စာရွက်စာတမ်းများ။
- (ဍ) ကွမ်းယာထုပ်များ၊ ဘေးပတ်ဝန်းကျင်အား ညစ်ပတ်ပေကျံ နိုင်သော ပစ္စည်းများ။

၅။ ပြိုင်ပွဲကျင်းပမည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားများ၊ CCTV နှင့် ခေတ်မီနည်းပညာအထောက်အကူပြုပစ္စည်းများ တပ်ဆင်ပြီး လုံခြုံမှုရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုပေးသွားမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူလူထုအားလုံးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလျက် ပန်ကြားအပ်ပါသည်။

အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ

| | | |
|---|---|---|
| နေပြည်တော် | - | ၀၆၇-၈၁၀၄၀၈၀၊ ၀၆၇-၅၅၀၂၀၀၊ ၀၆၇- ၅၅၀၂၀၂၊ ၀၆၇-၅၅၀၃၃၃၊ ၁၉၉ |
| ရန်ကုန် | - | ၀၆၇-၈၁၀၄၀၇၈၊ ၀၁-၂၃၀၄၄၀၁၊ ၀၁-၂၃၀၄၄၀၂၊ ၀၁-၂၃၀၄၄၀၃၊၀၁-၂၃၀၁၉၉၊၁၉၉ |
| မန္တလေး | - | ၀၆၇-၈၁၀၄၀၇၇၊ ၀၂-၃၆၈၇၁၊ ၀၂-၃၆၈၆၉၊၀၂-၃၉၆၃၅၊၀၂-၆၁၄၄၄၊၁၉၉ |
| ပုသိမ်(ငွေဆောင်) | - | ၀၆၇- ၈၁၀၄၀၇၇၊ ၀၄၂-၂၅၈၂၂၊၀၄၂-၂၁၀၅၁၊ ၀၄၂-၂၃၈၄၄၊၀၄၂-၄၀၁၈၀၊ ၁၉၉ |

**(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(လစာနှုန်း ၆၇၀၀၀-၁၀၀၀-၇၂၀၀၀) ရာထူးများအတွက် အောက်ပါပညာအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ဥပဒေဘွဲ့ သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်သည့်နေ့ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်စေရ၊
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (င) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။

၂။ လျှောက်လွှာတွင်-

- (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်
- (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
- (စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်၊ ဌာန
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်
- (ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်
- (ဈ) အမြဲတမ်းနေရပ်လိပ်စာတို့ကို ဖော်ပြရမည်။

၃။ လျှောက်လွှာနှင့်အတူ-

- (က) ၆ လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
- (ခ) ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူ
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (င) ဝန်ထမ်းမဟုတ်သူများအတွက် ၆ လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း
- (စ) အငယ်တန်းစာရေးရာထူးတွင် အနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးစာ ပူးတွဲပါရှိရမည်။

၄။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ်(၅၄)၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၂၄-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၅။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ်(၅၄)၊ နေပြည်တော် သို့ ၂၄-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲတွင် အောက်ပါဘာသာရပ်များကို နေပြည်တော်၌ ဖြေဆိုရမည်-

- (က) မြန်မာစာ
- (ခ) အင်္ဂလိပ်စာ
- (ဂ) အထွေထွေဗဟုသုတ

၇။ အရည်အချင်းစစ် စာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဆောင်ရွက်မည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားပါသည်။

၈။ အသေးစိတ်သိလိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ စီမံရေးရာဌာနခွဲ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၀၂၆၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး


## လုံးချင်းတိုက်အမြန်ငှားမည်

ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်ကွက်၊ စမ်းရေတွင်းလမ်း၊ ကမ္ဘာအေးစေတီလမ်းမကြီးနှင့် တစ်ကွက်ငုတ် မြေအကျယ် ပေ( ၅၀×၁၀၀) 2 RC တိုက်၊ 3 Master Bed Room, Aircon 7 လုံး၊ ရေ၊ မီး အစုံ၊ Fully Furniture ကြိုးဖုန်း-၁လုံး၊ ဆိတ်ငြိမ်ရပ်ကွက်၊ ဈေးနှုန်း-၃၅သိန်း(၁လ)

ဆက်သွယ်ရန်လိပ်စာ-၀၉-၄၅၀၆၆၁၆၃၆၊ ၀၉-၇၃၆၆၁၆၃၆










# မွေးမြူရမည့် အားကစားစိတ်ဓာတ်

## ခင်မောင်ဌေး(ပညာရေး)

ငယ်ရွယ်စဉ် ကျောင်းနေခဲ့ရသည့်ဘဝကို တွေးမိတိုင်း ကြည်နူးခဲ့ရသည်။ စာရေးသူတို့ တက်ရောက်သင်ကြားခဲ့ရသည့် ကျောင်းမှာ မြို့ကလေး၏အနောက်တောင်ဘက် ယွန်းယွန်းရှိ ကျယ်ဝန်းလှသော ကုန်းမြင့်ပေါ်တွင် တည်ရှိသည်။ ကျောင်း၏အရှေ့ဘက်တွင် စံမီတန်းမီကျယ်ဝန်းသော ကျောင်းဘောလုံးကွင်းတစ်ခုလည်းရှိ၏။ ကျောင်းအတွင်း၌ E နှင့် H ပုံသဏ္ဌာန် စာသင်ဆောင်ကြီးနှစ်ဆောင်ရှိခဲ့သည်။ အလယ်တွင် တမာပင်များ စီရီလျက်ရှိသော ကွင်းပြင်ကျယ်ကြီးရှိ၏။

တစ်ကျောင်းလုံး၏စုဝေးပွဲ (Assembly) ကို ဤကွင်းပြင်မှာပင် ကျင်းပနိုင်၏။ ဆရာ ဆရာမကြီးများ၏ ဆုံးမဩဝါဒများကို မပြတ်နာကြားခွင့်ရခဲ့၏။ နွေဦးပေါက်ရာသီဆိုလျှင် တမာရိပ်တွင် စာထွက်၍ သင်ရသည်မှာ ပျော်စရာကောင်းလှ၏။ ကျောင်းဘောလုံးကွင်းတွင် ကျောင်းသားများ အသင်းလိုက်ယှဉ်ပြိုင်ပွဲများ ကြည့်ရ၏။ ဒီဇင်ဘာဆိုလျှင် ကျောင်းပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပရာ လွတ်လပ်ရေးနေ့ဆိုလျှင် ပို၍ပင်စုံလင်လှသည်။

ကျောင်းစာသင်ချိန်အတွင်းတွင်လည်း စာသင်ကြားရသည်မှာ ငြီးငွေ့လှသည်ဟူ၍မရှိ။ ကျူရှင်မရှိ၊ အထူးထုတ်မရှိသော်လည်း သင်ကြားသမျှနားလည်ကြ၏။ ယခုကဲ့သို့ ကွန်ပျူတာများမရှိသော်လည်း ဖွံ့ဖြိုးရေးအချိန်များတွင် ကာယ၊ စက်မှုလက်မှု၊ ပန်းချီအနုပညာရပ်များကို သင်ကြားကြရ၏။ စက်မှုလက်မှုအချိန်ဆိုလျှင် ကိုယ်တိုင်တီထွင်ဖန်တီးပြုလုပ်ရသည့်အလုပ်မှာ ပျော်စရာကောင်းလှ၏။ ကျန်သည့် ဖွံ့ဖြိုးချိန်များတွင်လည်း လွတ်လပ်ပေါ့ပါးသည့် စိတ်ဓာတ်များစွာ ရရှိခဲ့ကြပါသည်။

ကျောင်းဆိုသည်မှာ လေးဘက်ပတ်လည်နံရံအတွင်း တစ်ချိန်လုံးစာသင်နေရသည့် နေရာဌာနမျိုးမဟုတ်ပါ။ သတ်မှတ်ထားသည့် ဖွံ့ဖြိုးရေးအချိန်များတွင် ကလေးများ စိတ်လက်ပေါ့ပါး၍ ဉာဏ်ပွင့်လင်းစေမည့် လှုပ်ရှားမှုများကို ကျောင်းသား ကျောင်းသူများကိုယ်တိုင်ပါဝင်လုပ်ဆောင်ကြရမည်သာဖြစ်သည်။ အထူးသဖြင့် ကျောင်းတွင်း အားကစားပွဲများမှသည် မြို့နယ်လက်ရွေးစင်၊ တိုင်းဒေသကြီး လက်ရွေးစင်နှင့် နိုင်ငံကိုယ်စားပြုမြန်မာ့လက်ရွေးစင်ကြီးများအထိ ပေါ်ထွက်လာခဲ့ကြပါသည်။ စာပေဘက်တွင် ထူးချွန်သူများပေါ်ထွက်လာသကဲ့သို့ အားကစား၊ ဂီတ၊ ပန်းချီ၊ အနုပညာစသည်တို့ဘက်တွင်လည်း ထူးချွန်သူများ ပေါ်ထွက်လာသည်ကို တွေ့ရှိရပါသည်။ ဤသို့ဖြင့် ကျောင်းသား ကျောင်းသူအပေါင်းတို့သည် ကျောင်းနေပျော်၍ စာတော်သူများ ထူးချွန်ထက်မြက်သူများ ဖြစ်လာကြခြင်းဖြစ်ပါသည်။

စင်စစ်ကျောင်းနေစဉ်အတွင်း ကျောင်းသား ကျောင်းသူများ၏ စိတ်ကိုမှန်ကန်သည့် လွတ်လပ်ခွင့်မျိုးပေးကြရမည်ဖြစ်သည်။ အုပ်စုလိုက် စုပေါင်းအားကစားလှုပ်ရှားတတ်ခြင်း၊ တစ်ဦးချင်းစွမ်းဆောင်ပြနိုင်ခြင်း စသည့်အလေ့အကျင့်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးရမည်ဖြစ်သည်။ ဤသို့ ကိုယ်လက်လှုပ်ရှားအားကစားမှုပြုခြင်းဖြင့် ကိုယ်ကာယကျန်းမာသည်သာမက စိတ်ဓာတ်ပိုင်းတွင်လည်း ကြံ့ခိုင်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

အထူးသဖြင့် အားကစားလှုပ်ရှားမှုများတွင် စိတ်ဝင်စားလာခြင်းအားဖြင့် ကျန်းမာသန်စွမ်းခြင်း၊ ခွန်အားတိုးမြင့်လာစေခြင်းသာမက ပူးပေါင်းဆောင်ရွက်တတ်ခြင်း (Cooperation)၊ စည်းကမ်းကောင်းခြင်း (Good discipline)၊ သမမျှတမှုရှိခြင်း(Fairness)၊ မိမိကိုယ်ကို မိမိထိန်းကျောင်းနိုင်ခြင်း၊ အလေးထားခြင်း(Self-Control-Self respect)၊ အားကစားစိတ်ဓာတ် (Sporting Spirit)ရှိခြင်း၊ တစ်ကိုယ်ကောင်းမဆန်ခြင်း(Unselfishness)၊ သတ္တိရှိခြင်း(Courage)နှင့် အစုအဖွဲ့လိုက် လုပ်ကိုင်ဆောင်ရွက်တတ်မှု(Teanwork)စသည့် အလေ့အကျင့်ကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

စင်စစ် အားကစားစိတ်ဓာတ်ဆိုသည်မှာ စာသင်ကြားရုံသက်သက်(စာတွေ့)ဖြင့် ရရှိနိုင်မည်မဟုတ်။ ကလေးများကိုယ်တိုင်လက်တွေ့လှုပ်ရှားကစားနိုင်မည့် အခွင့်အရေးရရှိရန်ဖြစ်သည်။ လက်တွေ့ကစားရာတွင်လည်း စာသင်ချိန်အတွင်း ရရှိနိုင်မည့် အားလပ်ချိန်၊ ဖွံ့ဖြိုးရေးချိန်များတွင် အားကစားလှုပ်ရှားနိုင်သကဲ့သို့ ကျောင်းပြင်ပချိန်နှင့် အားလပ်ရက်များတွင်လည်း ကစားနိုင်ခွင့်ရရှိရန် လိုအပ်နေခြင်းပင်ဖြစ်သည်။

ဤကဲ့သို့ မှန်မှန်ကန်ကန်လှုပ်ရှားကစားခွင့်ရရှိကြသော ကလေးများသည် ကျောင်းစာသင်ခန်းထဲတွင်လည်း စိတ်လက်ပေါ့ပါးစွာ စာပေသင်ယူလေ့လာနိုင်သည်ကိုလည်း တွေ့ရ၏။ အထူးသဖြင့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေး ပိုမိုတိုးတက်လာသည်ကို တွေ့ရ၏။

ကလေးများအတွက် အားလပ်ချိန်မရှိခြင်း၊ လှုပ်ရှားအားကစားခွင့်မပြုခြင်း(ဝါ) အချိန်နည်းပါးခြင်း၊ တစ်ချိန်လုံးစာကိုချည်း သင်ယူနေရလျှင် စာသင်ခန်းအတွင်း ကလေးများအား ထိန်းကျောင်းရသည့်စနစ် (Class Control)တွင် အခက်အခဲများစွာတွေ့နိုင်၏။ ကလေးများ၏အရွယ်မှာ တက်ကြွလှုပ်ရှားသည့်အရွယ်ဖြစ်သည်။ စာသင်ခန်းထဲတွင် ပိတ်လှောင်ခံထားရလျှင် စာသင်ချိန်အတွင်း၌ ဂနာမငြိမ်ဖြစ်ခြင်း၊ အာရုံဝင်စားမှုနည်းခြင်း၊ တစ်ဦးနှင့်တစ်ဦး အစအနောက်သန်ခြင်း၊ မလိုလားအပ်သည့် စိတ်ထွက်ပေါက်ရှာခြင်းများ တွေ့ရှိနိုင်ခြင်းပင်ဖြစ်ပါသည်။

ဆိုရလျှင် ကလေးများအတွက် စစ်မှန်သည့် အားကစားစိတ်ဓာတ်မွေးမြူပေးနိုင်သည့် နေရာမှာ စာသင်ကျောင်းများပင်ဖြစ်သည်။ ယင်းစာသင်ကျောင်းများတွင် ကလေးများအတွက် အားကစားကွင်းနေရာရှိရမည် ဖြစ်သည်။ စာသင်ချိန်များအတွင်း ထည့်သွင်းရေးဆွဲထားသည့် ဖွံ့ဖြိုးရေးချိန်များကို အမှန်ပင်လွတ်လပ်ပေါ့ပါးစွာ ဆော့ကစားနိုင်ခွင့်ပေးကြရပါမည်။ အခန်းနံရံလေးဘက်အတွင်း ပိတ်လှောင်ကာ တစာစာအော်နေရသည့် ကလေးများသည် ပိန်လှီသေးကွေးလာကာ အတန်းကြီးသို့ ရောက်လာသည့်တိုင်အောင် ကိုယ်ကာယဖွံ့ထွားမှုနှေးကွေးနေသည်ကို တွေ့ကြရပါသည်။ ဉာဏ်ရည်အားဖြင့်လည်း ထူးခြားစွာ ဖွံ့ဖြိုးလာသည်ကို တွေ့မြင်ရခြင်းမရှိပါ။ ဆိုလိုသည်မှာ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနှေးကွေးသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုလည်း နောက်ကျကျန်ရစ်ခဲ့ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် စာသင်ကျောင်းများအားလုံးက ကလေးများအား အားကစားလှုပ်ရှားမှုများပြုလုပ်နိုင်ရန် သင့်တင့်မျှတသည့် အားကစားကွင်းများ ဖန်တီးပေးကြရမည်ဖြစ်သည်။ ကျောင်းစာသင်ချိန်အတွင်း ဖွံ့ဖြိုးရေးအချိန်များ ရေးဆွဲ၍အချိန်အတိုင်း အလှည့်ကျလှုပ်ရှားကစားနိုင်ရန် စီမံပေးကြရမည်ဖြစ်၏။ အားကစားစိတ်ဓာတ်နှင့် အတူယှဉ်တွဲဖွံ့ဖြိုးလာမည့် အကျိုးတရားများမှာ စုပေါင်းလှုပ်ရှားအားကစားနည်းများစွာတို့မှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

---

**MRTV-4**
**ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း**
**၁၂-၁၂-၂၀၁၃ (ကြာသပတေးနေ့)**

- ၅း၄၀ "ပူပန်မှုမှလွတ်ကင်းခြင်း" တရားတော် [ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)]
- ၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း- ၃၈)
- ၇း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း- ၂၃)
- ၈း၁၅ စစ်ကိုင်းတိုင်း ကောင်းမှုတော်ဘုရားပွဲ မြင်ကွင်းစုံ
- ၉း၀၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၂၀)
- ၉း၅၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း-၂၆)
- ၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၅၀ ခနေ့ဖြူရဲ့ အထင်ကရနေရာများဆီသို့ အလည်တစ်ခေါက်







## လျှပ်စစ်ဓာတ်အား လေလွင့်မှုမရှိ သုံးစွဲနိုင်မည့် ဒစ်ဂျစ်တယ်မီတာအလုံး ၁၂၀ ဒလ၌ တပ်ဆင်

**ဒလ ဒီဇင်ဘာ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ရန်ကုန်မြို့တော်လျှပ်စစ်အားပေးရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံးနှင့် ပူးပေါင်း၍ Same Sky Co.,Ltd. က ဝန်ထမ်းများနှင့် လျှပ်စစ်ကျွမ်းကျင်လုပ်သားများအဖွဲ့သည် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား စနစ်တကျသုံးစွဲနိုင်ရန်အတွက် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက အိမ်သုံး ရိုးရိုးမီတာအစား ဒစ်ဂျစ်တယ်မီတာအလုံး ၁၂၀ ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများကို ဆာပါချောင်/ကျောင်းစုရပ်ကွက် ဒါနသုခလမ်းနှင့် မေတ္တာသုခလမ်းတို့၌ စတင် တပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနေ့ကစပြီးတော့ ဒလမြို့မှာကျွန်တော်တို့ကုမ္ပဏီက ဒစ်ဂျစ်တယ်မီတာ တပ်ဆင်ရေးအဖွဲ့တွေ စတင်တာဝန်ယူတပ်ဆင်ခဲ့တာပါ။ တစ်နေ့ကိုအဖွဲ့သုံးဖွဲ့နဲ့ အလုံး ၁၀၀ ကျော် တပ်ဆင်သွားမှာပါ။ ဒစ်ဂျစ်တယ်မီတာက ရိုးရိုးမီတာပုံးနဲ့မတူပါဘူး။ မီးခိုးသုံးလို့မရတော့ဘူး။ ယူနစ်တိကျသေချာပြီး မှန်ကန်မှုရှိတယ်။ မီးသုံးရင်သုံးသလောက်ကို ဖော်ပြပေးတယ်။ ပြည်သူတွေ မီးသုံးစွဲတာ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ တိကျမှန်ကန်စွာသိရှိရတဲ့အတွက် မီးအားပြည့်ပြည့် သုံးစွဲလာနိုင်အောင် ချိန်ဆဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု Same Sky Co., Ltd. မှ Digital Meter Group ခေါင်းဆောင် ကိုရန်နိုင်က ပြောသည်။

ကိုရန်နိုင်က "ဒီပုံးတစ်ပုံးမှာ ဒစ်ဂျစ်တယ်မီတာလေးလုံးပါတယ်၊ ဆားဗစ်ကြိုးတစ်ကြိုးမှာ တစ်လုံးနှုန်းနဲ့ ဆားဗစ်ကြိုး ၁၆ ကြိုးရှိရင် ပုံးလေးပုံးပေါ့။ ဒီဓာတ်တိုင်တွေမှာပဲကပ်ပြီး တပ်ဆင်ပေးသွားမှာဖြစ်ပါတယ်"ဟု ဆက်လက်ပြောပြခဲ့သည်။

**သန်းဌေး(ဒလ)**













# ဆီးဂိမ်းပြိုင်ပွဲ ရွက်လှေအားကစားပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ငွေဆောင် ဒီဇင်ဘာ ၁၁**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွက်လှေပြိုင်ပွဲအားကစားပြိုင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ငွေဆောင်ကမ်းခြေ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အခမ်းအနားဖွင့်ပွဲတွင် မြန်မာသံစဉ်တူရိယာတီးဝိုင်းကြီးဖြင့် ဧည့်ခံဖျော်ဖြေခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများက သတ်မှတ်နေရာသို့ ဝင်ရောက်နေရာယူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား လွှင့်တင်အလေးပြုကြသည်။ ထို့နောက် ရွက်လှေပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ရွက်လှေပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် "(၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲသည် မြန်မာနိုင်ငံအနေဖြင့် တတိယအကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး သုံးကြိမ်စလုံးတွင် ရွက်လှေအားကစားနည်း ထည့်သွင်းကျင်းပခဲ့ကြောင်း၊ ရွက်လှေပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ပင်လယ်ကမ်းခြေမှာ နှစ်ပေါင်း (၄၄)နှစ်ကြာမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိခဲ့၍ ဧရာဝတီတိုင်းသားပြည်သူများကိုယ်စား အတိုင်းမသိ ဂုဏ်ယူပါကြောင်း၊ ကြုံတောင့်ကြုံခဲအခွင့်အရေးတစ်ရပ်အဖြစ် မှတ်သားခံယူပါကြောင်း၊ ပြိုင်ပွဲကာလတစ်လျှောက် မြန်မာလူမျိုးတို့၏ ဖြူစင်မှု၊ ရိုးသားမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ဖြင့် နိုင်ငံတကာပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ/နည်းပြ/အားကစားသမားများ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များအတွက် အမှတ်တရဖြစ်စေရန် လုပ်ဆောင်မည်ဟု ကတိပြုပါကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် ရွက်လှေပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဖျော်ဖြေရေးအစီအစဉ်တို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ရွက်လှေပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် ပြိုင်ပွဲများစတင်ကျင်းပမည့် ရွက်လှေပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများမှ ပြိုင်ပွဲဝင် အားကစားသမားများသည် အားကစားနည်း ၁၃ မျိုးတွင် ဆုတံဆိပ်များရရှိရန် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ရွက်လှေအသင်းတွင် မလေးရှားနိုင်ငံ SEA Games ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများ ရယူထားသော စည်သူမိုးမြင့်၊ ဖုန်းကျော်မိုးမြင့်အတွဲ၊ စုမြတ်စိုး၊ နန်းခမ်းဆေးအတွဲနှင့် အောင်မြင်သူတို့အား အမာခံအားကစားသမားများအဖြစ်ထားရှိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## Set Top Box များ မြန်ဆန်စွာ ချပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်မှ လူမှုအသိုက်အဝန်းနှင့် လူမှုအဆင့် (E) အိမ်ထောင်စုများသို့ Set Top Box များအား တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ဖြန့်ဝေချထားပေးလျက်ရှိရာ လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ဒီဇင်ဘာ ၁၁ ရက် ဆီးဂိမ်းပွဲတော်ဖွင့်ပွဲကျင်းပသည့်နေ့တွင် မြို့နယ်သို့ တင်ပြထားသည့် အိမ်ထောင်စုအလိုက် မြန်ဆန်စွာချပေးခဲ့ကြောင်း သိရသည်။

"ရပ်ကွက်/ကျေးရွာများမှာရှိတဲ့ ဝင်ငွေတစ်သိန်းခွဲအောက် အိမ်ထောင်စု ၄၈၃ စုနဲ့ အများနှင့်ဆိုင်တဲ့ အဖွဲ့အစည်းဌာနအတွက် Set Top Box ၁၄ လုံးကို ဒီနေ့ချပေးခဲ့ပါတယ်"ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူးက ပြောကြားပြီး "ရပ်ကွက်၊ ကျေးရွာက ပြည်သူတွေ အခုလိုနိုင်ငံတော်က အခမဲ့ဖြန့်ဝေပေးတဲ့ Set Top Box တွေရလို့ ဝမ်းသာနေကြတယ်။ (၄၄)နှစ်ကြာမှ ကြည့်ခွင့်ဆုံခွင့်ရတဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ပြည်သူတွေတိုက်ရိုက် ကိုယ့်အိမ်ကနေ ကြည့်ရှုခွင့်ရလာတဲ့အတွက် ပျော်ရွှင်နေကြပါတယ်။ ကျောင်းပိတ်ရက်မှာ ကျောင်းသားလူငယ်တွေပါ ကြည့်ရှုနိုင်အောင် ရပ်ကွက်စာကြည့်တိုက်မှူးကို Set Top Box တစ်လုံး ဒီနေ့ပေးအပ်ခဲ့ပါတယ်။ အခြေခံလူတန်းစားတွေ အခမဲ့ရုပ်သံလိုင်း ကြည့်ရှုခွင့်ရတာဟာ အသိပညာ၊ ဗဟုသုတတိုးပွားလာတဲ့အတွက် ဆင်းရဲမှုနှုန်းလျှော့ချရေးကိုသိသာစွာ အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်"ဟု အမှတ်(၁၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ယနေ့ ဖြန့်ဝေပေးသည့် Set Top Box များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်ရုံရှိသော ဒေသတွင် MRTV၊ MITV၊ လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ တောင်သူလယ်သမားရုပ်သံလိုင်းစသည့် ရုပ်သံလိုင်း ငါးလိုင်းအပြင် MRTV-4 နှင့် မြဝတီရုပ်သံထပ်ဆင့်လွှင့်စက်ရှိသော ဒေသများတွင်လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သောရုပ်သံလိုင်း ငါးလိုင်းအပြင် နောက်ထပ်ရုပ်သံလိုင်း ၁၀ လိုင်းကျော်ကိုပါ အခမဲ့ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## မီးအာမခံလျော်ကြေးပေးနိုင်ရေး ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၁။** ရန်ကုန်မြို့ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်ရှိ ဂန္ဓမာလက်ကားအရောင်းစင်တာတွင် ယမန်နေ့နံနက် ၁၂ နာရီ ၄၅ မိနစ်ခန့်မှ စတင်၍ အပေါ်ဆုံးထပ်ရှိ အလှပြင်ဆိုင်မှ မီးလောင်ကျွမ်းမှုစတင်ဖြစ်ပေါ်ခဲ့ပြီး နံနက် ၄ နာရီခန့်တွင် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့သည်။ ယင်းဂန္ဓမာအရောင်းစင်တာ အဆောက်အအုံနှင့် စက်ပစ္စည်းများကို အောင်သစ္စာဦးအာမခံ ကုမ္ပဏီတွင် အာမခံထားရှိကြောင်း သိရပြီး မီးလောင်ပျက်စီးသော အဆောက်အအုံတစ်စိတ်တစ်ဒေသနှင့် စက်ပစ္စည်းဆုံးရှုံးမှုများကို မီးအာမခံလျော်ကြေးပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိသည်။ **(ကြေးမုံ)**
















# နေအိမ်ထဲ ဝင်ရောက်ရိုက်နှက်သူ ခင်ပွန်းဟောင်းအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မကွေးမြို့နယ် ပဌနဂိုရ်ကျေးရွာနေ မဉမ္မာ (ခ) မစု (၄၁)နှစ်သည် ဒီဇင်ဘာ ၅ ရက် ည ၈နာရီက နေအိမ်တွင် ရှိနေစဉ် လွန်ခဲ့သောခြောက်နှစ်ခန့်က နှစ်ဦးသဘောတူကွာရှင်းခဲ့သည့် ခင်ပွန်းဟောင်းဖြစ်သူ တစ်ရွာတည်းနေ ရွှေတုတ်(ခ)မျိုးကျော် (၄၆)နှစ်မှာ နေအိမ်အောက်ထပ်သို့ဝင်ရောက်လာပြီး ပြန်လည်ပေါင်းသင်းလိုကြောင်းနှင့် အိမ်ထောင်ရေးဖောက်ပြန်သည်ဟုစွပ်စွဲကာ လက်အားအတင်းဆွဲသဖြင့်ရုန်းကန်ပြီး နေအိမ်ရှေ့သို့ထွက်လာခဲ့သည်။ ထိုသို့ထွက်လာစဉ် ရွှေတုတ်(ခ) မျိုးကျော်မှာ နောက်မှလိုက်လာပြီး မျက်နှာအားလက်ဝါးဖြင့်ရိုက်သဖြင့် မဉမ္မာ(ခ)မစုတွင် နှုတ်ခမ်းအပေါ်/အောက် နာကျင်ဒဏ်ရာများရရှိခဲ့သဖြင့် အရေးယူပေးရန်တိုင်တန်းခဲ့ရာ ရွှေတုတ် (ခ) မျိုးကျော်အား မိကျောင်းရဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ဒီဇင်ဘာ ၈ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် စည်ပင်သာယာရပ်ကွက်နေ ဇော်ထွန်း (၃၅)နှစ်မောင်းနှင်လာသော HIBOBO 110 အနက်ရောင်ဆိုင်ကယ်သည် ဗိုလ်ချုပ်လမ်းမကြီးအတိုင်း မြောက်မှတောင်သို့မောင်းနှင်လာစဉ် ဂန့်ဂေါဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော ဖခင်ဖြစ်သူအတွက် ဈေးဝယ်ထွက်ရာမှပြန်လာသော ဂန့်ဂေါမြို့နယ် စည်ပင်သာယာရပ်ကွက်နေ ဦးစိန်လှိုင် (၃၉)နှစ်အား တိုက်မိခဲ့သည်။ ထိုသို့တိုက်မိမှုကြောင့် ဦးစိန်လှိုင်တွင် နဖူးပေါက်ပြဲဒဏ်ရာတစ်ချက်၊ ယာပါးနှစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ယာခြေသလုံး ဖူးရောင်ဒဏ်ရာနှင့် ဇော်ထွန်းတွင် ယာနဖူး နှစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ တစ်ချက်တို့ ရရှိခဲ့သဖြင့် ဆိုင်ကယ် မဆင်မခြင် မောင်းနှင်သူ ဇော်ထွန်းအား ဂန့်ဂေါမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



## နမ့်ခမ်းမြို့တွင် ဘိန်းစိမ်းနှင့် စိတ်ကြွဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မူဆယ်)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ နမ့်ခမ်းမြို့ မန့်နောင်ကူးတို့ဆိပ်တွင် စောင့်ဆိုင်းနေစဉ် နမ့်ခမ်းမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ လောရ (၄၃)နှစ်မောင်းနှင်လာသော KENBO 125 အနက်ရောင်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ဆိုင်ကယ်နောက်ထိုင်ခုံတွင် လေးပေခန့်ရှိ ဝါးထမ်းပိုးဖြင့်ချည်နှောင်၍ ဝဲယာတွင်တင်ဆောင်ထားသည့် ဝါးခြင်းတောင်း နှစ်လုံးအတွင်းမှ အထုပ်တစ်ထုပ်လျှင် အလေးချိန် ၃ ဒသမ ၂ ကီလိုခန့်စီပါ အထုပ်ရှစ်ထုပ် စုစုပေါင်းဘိန်းစိမ်းအလေးချိန် ၂၅ ဒသမ ၆ ကီလို(တန်ဖိုးငွေကျပ် ၂၅၆ သိန်း)နှင့် တစ်ထုပ်လျှင် WY စာတန်းပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ စီပါ ငါးထုပ် စုစုပေါင်းဆေးပြား ၉၀၀ (စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈ သိန်း)ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လောရအား နမ့်ခမ်းမြို့မရဲစခန်းက မယ(ပ)၉၈/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က)/ ၂၀(ခ) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## မြေကော်စက်နောက်ပြန်လိမ့်ပြီး မြေထိုးစက်အောက် အိပ်နေသူ ကြိတ်မိ၍ သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

